မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ စနေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၅၉)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။ ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၁) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညီစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်

စာမျက်နှာ ၃ ကော်လံ ၁ ✪



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာ ဌယင်ထိဟွန်ဗန် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ယနေ့ ဖတ် စ ရာ

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ — ပြည်တွင်းသတင်း — စာ ၅

ဒီဂျစ်တယ်ခေတ်တွင် အသေးစား စီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်ရေး — ဆောင်းပါး — စာ ၆

လုပ်ငန်းခွင်တွင် အမှန်တကယ် လုပ်နိုင်စွမ်းရှိပြီး အသုံးချနိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် သင်ကြားရေးမျိုးဖြစ်အောင် ဆောင်ရွက်ကြရန်လို — ပြည်တွင်းသတင်း — စာ ၈

ယဉ်ကျေးမှု၊ အမွေအနှစ်များနှင့် ရေရှည်တည်တံ့သော မြန်မာ့ခရီးသွားကဏ္ဍ — ဆောင်းပါး — စာ ၁၀

၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာကြီး ဦးအောင်သောင်း(အောင်နိုင်-တက္ကသိုလ်)၊ စာရေးဆရာမကြီး ဒေါ်သန်းသန်း(ရွှေသဥ္ဇာ)နှင့် စာရေးဆရာကြီး ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)တို့ရရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စီစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဦးအောင်သောင်း(အောင်နိုင်-တက္ကသိုလ်)၊ စာရေးဆရာမကြီး ဒေါ်သန်းသန်း(ရွှေသဥ္ဇာ)နှင့် စာရေးဆရာကြီး ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) တို့အား ၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စီစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❖

မွေးရာပါခါးရိုးကောက်လူနာများအား ပြန်လည်တည့်မတ်ကုသပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာနကုသရေးဦးစီးဌာန ခုတင် ၃၀၀ ဆံ့ ရန်ကုန်မြို့ အရှိုးရောဂါ အထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်တွင် ဆွစ်ဇာလန်နိုင်ငံ Swiss Spine Foundation မှ ကျောရိုးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ကံမင်းသည် ရန်ကုန်မြို့အရိုးရောဂါ



စာမျက်နှာ ၃ ကော်လံ ၁ ✤

ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၇

နိုဝင်ဘာ ၂၉ ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဖိုး/၈လ

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူး၍ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးနှင့် အခြားကုန်စည်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရှာဖွေများမှတစ်ဆင့် သွင်းကုန်တင်သွင်းသူ (Importer) များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၄၉၂.၃) သန်း၊ တရုတ်ယွမ် (၁၀၇.၀) သန်း၊ ထိုင်းဘတ် (၈၄၅.၈) သန်းနှင့် အိန္ဒိယရူပီး (၁၃.၃) သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Market Trading Rate (ကျပ် ၃၆၆၀) ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



၂၇-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

(၂၇-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၁၇ ~ ၅၁၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၉,၄၉၇,၀၂၉.၉၆	၁၀,၆၈၂,၁၂၈.၃၀	၆,၃၈၇,၇၃၃.၁၈	-

နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၇-၁၁-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ထားဝယ်မြို့	၃၆.၃	၉၇.၃
၂။	ဘားအံမြို့	၃၆.၀	၉၆.၈
၃။	ရေးမြို့	၃၅.၅	၉၅.၉
၄။	မြဝတီမြို့	၃၅.၄	၉၅.၇
၅။	ကော့ကရိတ်မြို့	၃၅.၂	၉၅.၄
၆။	မုဒုံမြို့	၃၅.၂	၉၅.၄
၇။	သထုံမြို့	၃၅.၀	၉၅.၀
၈။	ဘီးလင်းမြို့	၃၅.၀	၉၅.၀
၉။	ကျိုက္ခမီမြို့	၃၄.၈	၉၄.၆
၁၀။	ချောက်မြို့	၃၄.၆	၉၄.၃

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၅၆၅	၃၅၂၀	၃၆၇၀	၃၅၈၀	၃၅၂၀	၃၅၄၀	၃၄၇၅	၃၆၅၀	၄၀၂၀	၄၀၅၀	၃၆၇၀	၃၈၀၀	၃၇၆၅	၃၅၂၀	၃၇၃၀	၃၉၆၀
95 Ron	၃၆၈၀	၃၇၃၅	၃၇၄၅	၃၆၅၅	၃၈၀၀	၃၈၀၅	၃၈၅၀	၃၇၂၅	၄၀၃၅	၄၁၂၅	၃၇၅၀	၃၈၈၀	၃၈၄၀	၃၇၃၅	၃၈၀၅	၄၀၀၅
HSD (500 ppm)	၃၉၂၀	၄၀၆၅	၄၀၂၀	၃၉၃၅	၄၀၅၀	၄၀၆၅	၄၁၀၅	၄၀၀၀	-	၄၃၈၀	၄၀၂၀	၄၆၂၀	၄၁၀၅	၄၀၆၅	၄၀၇၅	၄၂၉၅
HSD (50 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၅၅	၄၈၃၅	၅၂၀၀	၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၄၅	၄၉၀၅	၄၉၃၅	၅၀၄၅
HSD (10 ppm)	၄၇၅၀	၄၉၀၅	၄၈၅၅	၄၇၆၅	၄၉၀၅	၄၉၂၀	၄၉၅၅	၄၈၃၅		၅၂၃၀	၄၈၅၅	၅၀၅၅	၄၉၄၅	၄၉၀၅	၄၉၃၅	၅၀၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၃၇၃	၃၄၇၄
95 Ron	၃၄၄၆	၃၅၄၈
HSD (500 ppm)	၃၇၂၇	၃၈၃၁
HSD (50 ppm)	၄၅၁၇	၄၆၃၇
HSD (10 ppm)	၄၅၁၇	၄၆၃၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကော်ဖီမြို့တော် ရည်မှန်းချက်နှင့် ပြင်ဦးလွင် ကော်ဖီစိမ်ကိန်း

ကမ္ဘာ့ကော်ဖီဈေးကွက်၏ နှစ်စဉ်အရောင်းအဝယ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဘီလီယံမှ ဘီလီယံ ၅၀၀ ကျော်အထိရှိပြီး ၆၀ ကီလိုဂရမ်ဝင် အိတ်ရေပေါင်း သန်း ၁၈၀ ခန့် ရောင်းဝယ်သောက်သုံးနေကြခြင်း ဖြစ်သည့်အပြင် ကော်ဖီဈေးကွက်သည်လည်း တစ်နှစ်လျှင် ပျမ်းမျှ ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ဒသမ ၅ ရာခိုင်နှုန်းကြား ဆက်လက်တိုးတက်နေသည်ဟု ဆိုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသည့် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင်ပါဝင်နေပြီး ပြည်ပသို့ ကော်ဖီတင်ပို့ရောင်းချမှုမှ ဝင်ငွေပိုမိုရရှိရန် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးသည့် ဧရိယာစုစုပေါင်း ၆၈၉၉၄ ဧကခန့်ရှိသည့်အနက် ကော်ဖီထုတ်လုပ်မှုဧရိယာမှာ ၃၄၅၆၃ ဧကခန့်ရှိသည်။ တစ်နှိုင်းယှဉ်းကော်ဖီစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၀၀၀၀ ခန့်သာဖြစ်သည်။ နိုင်ငံတော်က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ဒေသတွင်း ကော်ဖီနှင့် ဒေသထွက်ကုန်ပစ္စည်းများကိုအခြေခံသည့် အသေးစား၊ အလယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs) များ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ ဒေသနှင့်ကိုက်ညီပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းချက်ထားရှိကာ ပြင်ဦးလွင်ကော်ဖီစိမ်ကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါစိမ်ကိန်းသည် မြန်မာနိုင်ငံ၏စီးပွားဖြစ်ကုန်းမြင့်ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရိပ်ပင်အောက်တွင် စိုက်ပျိုးသည့် သဘာဝရိုးသော ကော်ဖီသီးနှံစိုက်ပျိုးရေးသည် စီးပွားရေးအတွက်သာမက သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းသိမ်းထားနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ရာ ကော်ဖီလုပ်ငန်းကို အမှန်တကယ်စနစ်တကျလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များက လုပ်ကိုင်ကြမှသာလျှင် ရည်ရွယ်ချက်ပြည့်မြောက် အောင်မြင်နိုင်မည်ဖြစ်သည်။

ယခုနှစ်ဆန်းပိုင်းတွင် ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီစိမ်ကိန်း ဧရိယာအတွင်းမှ ကော်ဖီခြံ ၁၀၁၉ ခြံကို ကောင်း/သင့်/ညံ့ ခွဲခြားစစ်ဆေးခြင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုရာဇိုင်းနှိုး အခြေအနေနှင့် ကော်ဖီစိုက်ပျိုးခြင်း ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးပညာပေးမှုများ ပြုလုပ်ခဲ့ရာ စုစုပေါင်းဧက ၆၈၀၀ ကျော်အနက် ကောင်းသည့် ဧက ၃၂၀၀ ခန့် ၊ သင့်သည့် ဧက ၁၉၀၀ ခန့်၊ ညံ့သည့် ဧက ၁၈၀၀ ကျော်တို့ကို တွေ့ရှိခဲ့ပြီး ကော်ဖီလုံးဝမစိုက်သည့် ဧရိယာဧက ၄၅၀၀ ခန့်ကိုလည်း တွေ့ရှိခဲ့သည်။ အရိပ်ပင်၊ ကော်ဖီပင် စသည်တို့ကို စနစ်တကျစိုက်ပျိုးသည့် ခြံများ အောင်မြင်ကြကြောင်း သတင်းများအရ သိရှိရသည်။

ပြင်ဦးလွင် ကော်ဖီစိမ်ကိန်းအရ မြေလွတ် မြေလပ်မြေရိုင်းမြေနှင့် သစ်တောမြေများတွင် ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ကို စာချုပ်ပါ စည်းကမ်းနှင့်အညီ စာချုပ်ချုပ်ဆို၍ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ရာ အချို့လုပ်ငန်းရှင်များအနေဖြင့် အဆိုပါလုပ်ကိုင်ခွင့်ကိုရယူပြီး အရောင်းအဝယ်ပြုလုပ်ကြကြောင်းနှင့် ရောင်းခွန်ဝယ်ခွန်များ ပေးဆောင်ခြင်းမရှိသည့် လုပ်ငန်းရှင် ၅၆ ဦးတို့ကို အခွန်ပေးဆောင်ရန်လည်း သက်ဆိုင်ရာဌာနက ယခုနှစ်အစောပိုင်းတွင် ကြေညာခဲ့ရာ လုပ်ငန်းရှင်အချို့က မြေနေရာနှင့် လုပ်ကိုင်ခွင့်ဝင်ယူခြင်းသာ ဖြစ်သည့်သဘောကို တွေ့ရသည်။

ကော်ဖီစိမ်ကိန်းဧရိယာအတွင်း လုပ်ကိုင်ခွင့်ချထားပေးသော မြေများအပေါ် စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေကို မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက ပြီးခဲ့သည့်အောက်တိုဘာလမှ နိုဝင်ဘာလအထိ ကွင်းဆင်းစစ်ဆေးခဲ့ရာ အချို့ ဧရိယာပြည့် စိုက်ပျိုးထားမှုမရှိခြင်း၊ အချို့ စိုက်ပျိုးသည်ဆိုရုံမျှသာ စိုက်ပျိုးထားခြင်းတို့ကို တွေ့ရှိရသည့်အတွက် မြေဧရိယာအပြည့် မစိုက်ပျိုးသည့် လုပ်ငန်းရှင် ၁၁ ဦးနှင့် စိုက်ပျိုးသော်လည်း အောင်မြင်မှုအားနည်းနေသည့် လုပ်ငန်းရှင် ၅၆ ဦးတို့ကို နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ခေါ်ယူတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြင်ဦးလွင်ကော်ဖီစိမ်ကိန်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးထားသည့် ကော်ဖီပင်များ အောင်မြင်ဖြစ်ထွန်းအောင် ထိန်းသိမ်းပြုစုကြရန်နှင့် နည်းပညာ၊ မျိုးစေ့၊ ပျိုးပင် လိုအပ်ချက်များ၊ အခြားအခက်အခဲများရှိပါက စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ ထပ်မံကွင်းဆင်းစစ်ဆေး၍ ကော်ဖီပင်များ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းမရှိပါက စာချုပ်ပါ စည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့်ရုပ်သိမ်းမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆွေးနွေးခဲ့သည်ကို သတင်းတွင် တွေ့ရှိရသည်။

ကော်ဖီလုပ်ငန်းသည် ကမ္ဘာနှင့်ချိတ်၍ ဈေးကွက်ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်က အားပေးနေသည့် လုပ်ငန်းလည်းဖြစ်ရာ အမှန်တကယ်လုပ်ကိုင်ကြသူများ အောင်မြင်ဖြစ်ထွန်းကြမည်ဖြစ်သည်။ အခြားသောရည်ရွယ်ချက်ဖြင့် လုပ်ကိုင်ခွင့်ရယူကြပါက ပြန်လည်အပ်နှံစေခြင်း၊ ကော်ဖီလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား လိုအပ်ချက်များ အားပေးကူညီပံ့ပိုးပေးခြင်းဖြင့် မြန်မာ့ကော်ဖီကမ္ဘာ့ထိပ်တန်းသို့ ရောက်ရှိပါစေကြောင်း။ ။

မြန်မာ့အလင်း

ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ - ဦးသိန်းထွန်း
အယ်ဒီတာချုပ် - ဦးမြင့်ဆွေ
အုပ်ချုပ်ရေးမှူး - ဦးကျော်ဇင်ဦး
ဒုတိယအယ်ဒီတာချုပ် - ဦးဝင်းမြင့်
ဒုတိယအုပ်ချုပ်ရေးမှူး - ဦးဇော်ဝင်းထွန်း
ကြော်ငြာဌာနမှူး - ဦးမြင့်ဝင်း
ဒုတိယအယ်ဒီတာ - ဦးကျော်ဝင်းဦး
ဒုတိယအုပ်ချုပ်ရေးမှူး - ဦးမြင့်ဆွေ
ဒုတိယအယ်ဒီတာ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် အစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီ၌ နေရာယူအလေးပြု၍ ကြိုဆိုကြစဉ်။

✪ ရှေ့ဖုံးမှ

တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန်ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ငုယင်ထိဟွန်ဗန်ဦးဆောင်သည့် အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်မင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် အစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်အား ခရီးဦးကြိုဆိုခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၁)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်ခ်မက်) ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဒို) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဖလမ်း နိုဝင်ဘာ ၂၇

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ပိုင်းက တောင်ဇလုပ်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်ကျော်ဟန်က ဖလမ်းမြို့တွင် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံပြည်သူ့နေအိမ် အချို့နှင့် နေရပ်ပြန်လာသူများအား အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေး ရန်ပုံငွေဖြင့် ထောက်ပံ့သည့် အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ရန်ပုံငွေဖြင့် ပြင်ဆင်လျက် ရှိရာ အဆောက်အအုံ ပြန်လည်ပြုပြင်သည့်လုပ်ငန်း ၂၀၈ ခု အနက် ရာနှုန်းပြည့်ပြီးစီးသည့် လုပ်ငန်းပေါင်း ၂၀၁ ခု ဖြစ်ကြောင်း၊ ကျန်ရှိသည့် လုပ်ငန်း ခုနစ်ခုအား အချိန်မီပြီးစီးနိုင်ရေးနှင့် လုပ်ငန်းအရည်အသွေး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး ပူးပေါင်းကြီးကြပ်ရန် လိုအပ်ကြောင်း၊ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ခြောက်ခု ရှိပြီး လုပ်ငန်းအားလုံးရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးရှိရှိ အသုံးပြုနေကြသည်ကို တွေ့ရကြောင်း၊ သက်ဆိုင်ရာဌာနများအလိုက် မိမိတို့ဌာနအလိုက် လစ်လပ်ဝန်ထမ်း အင်အားများ ဖြည့်တင်းကာ လုပ်ငန်းများ ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အကြီးစား ပျက်စီးသွားသည့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆယ်တင်ပစ္စည်းများ အလေအလွင့်မရှိစေရေး စနစ်တကျသိမ်းဆည်းထားရှိရန်၊ ဝန်ကြီးဌာန ဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အကြီးစားပြင်ဆင်ရန် ခွင့်ပြုထားပြီးဖြစ်ရာ လုပ်ငန်းစတင်ဆောင်ရွက်ပါက လုပ်ငန်းအရည်အသွေးကောင်းမွန်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို သက်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲဝင်များသည် မြန်မာ့စီးပွားရေးဘဏ်၌ ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆိုလာတပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အငြိမ်းစားလစာ လာရောက်ထုတ်ယူသည့် ပြည်သူများအား ရင်းရင်နှီးနှီး အားပေးစကားပြောကြားကာ ခရိုင် ပညာရေးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ RC လေးခန်းတွဲ နှစ်ထပ် ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် ညှိနှိုင်းမှာကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



✻ မွေးရာပါခါးရိုးကောက်မှ

အထူးကုဆေးရုံကြီးမှ ကျောရိုးခွဲစိတ်ဆရာဝန်များဖြစ်ကြသည့် ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်မင်းဟန်၊ ပါမောက္ခဒေါက်တာသိန်းအောင်ကျော်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာရှိန်မြင့်ဟန်တို့နှင့် ပူးပေါင်းကာ နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ မွေးရာပါခါးရိုးကောက်လူနာ ၁၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါခါးရိုးကောက်ရောဂါကုသခြင်းများကို ရန်ကုန်မြို့ အရိုးရောဂါ အထူးကုဆေးရုံကြီး၏ ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်မှ ဆရာဝန်ကြီးများကိုယ်တိုင် လုပ်ဆောင်၍သော်လည်းကောင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်သော ကျောရိုးခွဲစိတ်အထူးကုဆရာဝန်များအား ဖိတ်ခေါ်၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ကုသပေးလျက်ရှိ

ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးခွဲစိတ်ကုသဌာနတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကျောရိုး၊ လည်ပင်းအရိုး၊ ခါးရိုးနှင့် သက်ဆိုင်သောလူနာများ လာရောက်ပြသလျက်ရှိပြီး ကျောရိုးခွဲစိတ်လူနာဆောင်တွင် တနလ်း၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ကျောရိုးပြင်ပလူနာများကိုလည်းကောင်း၊ အင်္ဂါနေ့နှင့် ကြာသပတေးနေ့တွင် လက်ပိုင်းဆိုင်ရာ ပြင်ပလူနာများကိုလည်းကောင်း၊ တိုးချဲ့ငါးထပ်လူနာဆောင်တွင် အထွေထွေအရိုးလူနာများအား တနလ်းနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ကုသပေးလျက်ရှိကာ ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ဆေးရုံတင်၍ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကြေညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၂၇-၁၁-၂၀၂၆ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားသည်။

နည်းပညာ၊ သက်မွေးပညာနှင့်
လေ့ကျင့်ရေးဦးစီးဌာန

ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများ စာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm တွင်လည်း ကြေညာထားသည်။

အဆင့်မြင့်ပညာဦးစီးဌာန

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသိရိဖြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါ ညီလာခံအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟို အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) နှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။



❝ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် တပ်မတော်၏ အရန်အင်အားများ ဖြစ်သည်နှင့်အညီ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်သည့် အခါတွင် ပြည်သူလူထုနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံနေကြသူများ ဖြစ်ခြင်းကြောင့် ပြည်သူနှင့်တပ်မတော်ကြားတွင် ခိုင်မာသည့် ပေါင်းကူးတစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိအောင် ကြိုးစား

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအပြန်အလှန် အကူအညီပေးရန်နှင့် နိုင်ငံတော်အကျိုးပြု လုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ရန်" ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့များ၊ မြို့နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးချိန်မှစ၍ စစ်ပြန်စစ်မှုထမ်းအချို့သည် မိမိတို့၏ မြို့ပြရပ်ရွာ ဒေသအသီးသီးမှာ စစ်မှုထမ်းဟောင်းအစုအဖွဲ့လေးများကို ကိုယ့်နည်းကိုယ့်ဟန်နှင့် စုစည်းခဲ့ကြရာက ၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေကို ပြဋ္ဌာန်းပြီး ခေတ်ကာလအခြေအနေများနှင့် လိုက်လျောညီထွေရှိစေမည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် တာဝန်ဝတ္တရားများကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရန် ရှိသင့်ရှိထိုက်သည့် ဖွဲ့စည်းပုံများကို ယနေ့ထက်တိုင် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေစည်းမျဉ်းများနှင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့ချိန်မှစ၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံနှင့် အထူးညီလာခံများကို ၁၀ ကြိမ်တိုင်တိုင် ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ညီလာခံကတစ်ဆင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသူများသည် ယခုအခါ ၅ နှစ်သက်တမ်းကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပြီးဖြစ်၍ အသစ်ရွေးချယ်တင်မြှောက်ခြင်းခံထားကြရသည့် ဗဟိုကောင်စီ၊ ဗဟိုအမှုဆောင်အဖွဲ့များ၊ အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့နှင့်အတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားကြတော့မည်ဖြစ်ကြောင်း။ ရွေးချယ်တင်မြှောက်ခြင်းခံရသူအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါကြောင်းကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယကတစ်ဦးအနေဖြင့် ပြောကြားလိုကြောင်း။

တပ်မတော်သားများသည် ဘီအိုင်အေခေတ်မှစ၍ မျိုးချစ်စိတ်၊ တိုင်းပြည်လွတ်လပ်ရေးပြန်ရရန်ဆိုသည့် ကိုယ်ကျိုးမဖက်သည့် စိတ်ဓာတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြသူများပင် ဖြစ်ကြောင်း၊ တပ်မတော်အင်အားကို ပြင်ဆင်ဖွဲ့စည်းရချိန်များတွင်လည်း အမိန့်နာခံပြီး စစ်သားကောင်းများပီပီပြုမူကျင့်ကြံခဲ့ကြကြောင်း၊ တိုင်းပြည်က လိုအပ်လာ၍ ပြန်လည်စစ်မှုထမ်းရန် ဆင့်ခေါ်လာချိန်များတွင်လည်း မည်သည့်အဆင့်၊ မည်သည့်ရာထူးမျိုးနှင့်မဆို ပြန်လည်ထမ်းဆောင်ရန် တပ်မတော်ထံသို့ နောက်တစ်ကြိမ် ပြန်လည်ဝင်ရောက်လာကြသည့် မှတ်တမ်းကောင်းများကိုလည်း တွေ့ရှိရကြောင်း၊ ၎င်းသည် "တစ်ခါစစ်သားဖြစ်ဖူးရင် ထာဝရစစ်သားပင်" ဆိုသည့် စိတ်ဓာတ်ကို ပြသခြင်းဖြစ်ကြောင်း။

ယနေ့ခေတ်ကာလများတွင်လည်း တပ်မတော်သားစစ်မှုထမ်းဟောင်းများအနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို မိမိတို့ကျရာတာဝန်များအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားနိုင်ငံရေးလုပ်ငန်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများနှင့် သက်သာချောင်ချိရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်း စသည့်ကဏ္ဍများအပေါ်တွင် အမှုဆောင်အဆင့်ဆင့်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုများရရှိနေသည်ကို တွေ့ရသည့်အတွက် ရရှိပြီးသားအခြေခိုက်ကောင်းများ ဆက်လက်ရှင်သန်နေအောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် တပ်မတော်၏ အရန်အင်အားများ ဖြစ်သည်နှင့်အညီ ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်သည့်အခါတွင် ပြည်သူလူထုနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံနေကြသူများဖြစ်ခြင်းကြောင့် ပြည်သူနှင့်တပ်မတော်ကြားတွင် ခိုင်မာသည့် ပေါင်းကူးတစ်ခုအဖြစ် တည်ဆောက်နိုင်စွမ်းရှိအောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

ရဲဘော်စိတ်ဆိုသည်မှာ "သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရုန်းကြလေ" ဆိုသည့်လက်ာနှင့်အညီ တာဝန်ထမ်းဆောင်နေဆဲ တပ်မတော်သားများ၊ ကျန်းမာရေးနှင့် အသက်အရွယ်အရ အငြိမ်းစားယူသွားကြရသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက်ပါ ထာဝရရှင်သန်နေသည့် အဆုံးအမတစ်ခုပင်ဖြစ်ကြောင်း၊ မည်သည့်အချိန်အခါ၊ မည်သည့်နေရာကိုပင် ရောက်ရောက် ရဲဘော်စိတ်ဆိုသည့် သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှုတရားများက ရည်မှန်းချက် တာဝန်များကို အောင်မြင်ပြီးမြောက်စေခြင်း၏ အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ မိမိတို့၏ ကာယ၊ ဉာဏ အစဉ်ကြွေခိုင်တောင့်တင်းမှုများသည် တိုင်းပြည်အတွက် အင်အားများပင်ဖြစ်သည်ကို နားလည်သိရှိထားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အနေဖြင့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်အဖြစ် ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းဆောင်တာများသည် စစ်မှုထမ်းဟောင်းရေးရာများအပြင် အာဆီယံအဖွဲ့ကြီး၏ လုံခြုံရေး၊ သဘာဝဘေးကယ်ဆယ်ရေး၊ လူမှုရေး၊ စီးပွားရေးအသိုက်အဝန်းများတွင် ဆက်စပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးမှ တစ်ဆင့် ဒေသတွင်း နိုင်ငံတကာအသိုင်းအဝိုင်းများကြား မိမိနိုင်ငံ၏ဂုဏ်ဒြပ်ကို ဖော်ထုတ်ပြသခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ ပြည်ပနိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ တပ်မတော်ကအငြိမ်းစားယူသည့် အရာရှိ/စစ်သည်များအတွက် စစ်မှုထမ်းဟောင်း အိမ်ရာများ ဆောက်လုပ်ပေးရာတွင် အဆင့်သင့် နေထိုင်နိုင်ရေးအတွက် ပရိဘောဂများကိုပါ ထည့်သွင်းဖြည့်တင်းပေးလျက်ရှိကြောင်း၊ ထို့အပြင် အမှန်တကယ် နစ်နာမှုများနှင့်ကြုံရပြီး အမှီအခို လိုအပ်လျက်ရှိနေသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို တပ်မတော်အစီအစဉ်ဖြင့် ဂုဏ်ပြုချီးမြှင့်မှုများပေးအပ်ရာတွင်လည်း စစ်မှုထမ်းဟောင်း မိသားစုဝင်များ၏ သားသမီးများကိုပါ နှစ်စဉ်ဂုဏ်ပြုဆုများ ပေးအပ်လျက်ရှိကြောင်း၊ တပ်မတော်အကြီးအကဲ အစဉ်အဆက်အနေဖြင့် စစ်မှုထမ်းဟောင်း တပ်ဖွဲ့ဝင်များအပေါ်တွင် အစဉ်အသိအမှတ်ပြု လေးစားတန်ဖိုးထားလျက်ရှိပြီး အကြီးအကဲများကိုယ်တိုင် "တစ်ခါစစ်သား ထာဝရစစ်သား" ဆိုသည့် စကားတစ်ခွန်းကို နှလုံးသွင်းထားကြသည့်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အနေဖြင့် တပ်မတော်သားတစ်ဦး၏ သစ္စာကို ထာဝရစောင့်သိလိုက်နာ ထိန်းသိမ်းသွားကြရန်လိုကြောင်း။

တပ်မတော်သားဟောင်းများသည် တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသက္ခဲသို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားကြရန်၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်း စဉ် ၇ ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်ကို ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်နှင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရင်း ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးအဖြစ် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပိုင်းဝန်းကြိုးစားသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား)က မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသက်၇၅နှစ်နှင့်အထက် အသက်အပိုင်းအခြားအလိုက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အဆင့်မြင့်တက္ကသိုလ် ပညာသင်ဆုရရှိသူများကို ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များနှင့်အတူ မှတ်တမ်းတင် စုဝေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အမှာစကား ပြောကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၂၆) ၌ အမှာစကား ပြောကြားစဉ်။

ဆန်စပါးကြိတ်ခွဲထုတ်လုပ်ခြင်းဆိုင်ရာ စက်မှုနည်းပညာကာလတိုသင်တန်း အမှတ်စဉ် (၁)နှင့် အမှတ်စဉ်(၂) သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ဆန်စပါး ကြိတ်ခွဲထုတ်လုပ်ခြင်း ဆိုင်ရာ စက်မှုနည်းပညာကာလတို သင်တန်းအမှတ်စဉ်(၁)နှင့်အမှတ် စဉ် (၂) သင်တန်းဆင်းပွဲနှင့် အသိအမှတ်ပြုလက်မှတ် (Certificate) ပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နိုင်ငံတော်၏ ပို့ကုန် နှစ်ဆ တိုးမြှင့်ဆောင်ရွက်ရာတွင် အရေးကြီးသည့် ဆန်စပါးကြိတ်ခွဲထုတ်လုပ်ခြင်းကဏ္ဍ၌ ကျွမ်းကျင်လုပ်သားရှားပါးမှုကို ဖြည့်ဆည်းရန် ယခုသင်တန်းများကို ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ Academy-Industry Linkage ပူးပေါင်းဆောင်ရွက်မှု စံနမူနာကောင်း တစ်ခုအဖြစ် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်သဖြင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိ လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။





ထို့အတူ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌက သင်တန်း ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက အမှတ်စဉ် (၁) နှင့် အမှတ်စဉ်(၂) မှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများကို အသိအမှတ် ပြုလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါ သင်တန်းများကို ရန်ကုန်မြို့ရှိ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်း ကျောင်း (SITE) တွင် Certificate in Rice Processing Technology (Level-1) ကာလတို သင်တန်းကို သင်တန်းကာလ သုံးလဖြင့်လည်း ကောင်း၊ Higher Certified Rice Processing Technology (Level- 2) ကာလတိုသင်တန်းကို သင်တန်းကာလ လေးလဖြင့် လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ် သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံပြီး သင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုမှ ကင်းဝေးစေရေးအတွက် အသိပညာပေးမှုအစီအစဉ်များဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် Hotel Max ၌ ကျင်းပပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကိုပြသ၍ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် က ယခုနှစ်အတွက် သတ်မှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာဆောင်ပုဒ်မှာ **"UNiTE to End Violence Against Women and Girls: Ensure Justice, Protect Survivors, End Impunity" "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး၊ တရားမျှတမှုဖြင့် ကာကွယ်ဖို့၊ ပြစ်ဒဏ်ကျေအေးခြင်း ကို အဆုံးသတ်စို့"** ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှု မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း၊ အကြမ်းဖက်ခံရသူများကို အကာအကွယ်ပေးခြင်းနှင့် ပြစ်မှုကျူးလွန်သူများကို လုံးဝသည်းခံခွင့်လွှတ်မှုမရှိရေး (Zero-tolerance) မူအရ ဥပဒေဖြင့် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ခံစားစေခြင်းတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် တိုက်တွန်းထားခြင်းဖြစ်ပါကြောင်း။



မြန်မာနိုင်ငံအနေနှင့် နိုင်ငံအတွင်းမှာရှိသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့် အရေးမြှင့်တင်ရေးနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုမှကင်းဝေးစေရေးအတွက် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များ၊ အာဆီယံအမျိုးသမီးရေးရာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များဖြစ်သည့် အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ကျားမ အခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သတင်းမီဒီယာများတွင် TV Spot များ ထည့်သွင်းဖော်ပြခြင်း စသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများကို (၁၆) ရက်တာ လှုပ်ရှားမှုများ အဖြစ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့်ဧနီးများ၊ ဥပဒေကြီးရေးမှူး ချုပ်များ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စက်မှုတိုက်ဝန်ဆောင်မှုနှင့် ပြည်သူ့အကျိုးပြု မိဒီယာလုပ်ငန်းများဖြင့် ထိရောက်စွာ အထောက်အကူပြုစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား

ပျော်ဘွယ် နိုဝင်ဘာ ၂၇

ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးနှင့် ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စာကြည့်တိုက်ဝန်ဆောင်မှုနှင့် ပြည်သူ့အကျိုးပြု မိဒီယာလုပ်ငန်းများဖြင့် ထိရောက်စွာ အထောက်အကူပြုစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် ဝန်ကြီးဌာန၏ အဓိက လုပ်ငန်း တာဝန်ကြီး (၃) ရပ်ဖြစ်သည့် သတင်းအချက်အလက် မှန်ကန်မြန်ဆန်စွာ ပြန်ကြားပေးခြင်း၊ အသိပညာပေးခြင်းနှင့် အကျိုးရှိသော ဖျော်ဖြေမှုပေးစွမ်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန်၊ ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့် ကောင်းများစွဲမြဲစေရေး အခြေခံပညာကျောင်းများနှင့် ချိတ်ဆက်ကာ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရေး ပိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး အဆိုပါရုံးရှိ ပြည်သူ့စာကြည့်တိုက်၊ ဒေသဆိုင်ရာ ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပျော်ဘွယ်မြို့နယ် စာပေချစ်မြတ်နိုးသူများ အသင်း (Book Club) အဖွဲ့ဝင် ဦးမောင်စိုးက စာကြည့်တိုက်အတွက် စာအုပ် ၁၅၄ အုပ်ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၂၆)၊ မြန်မာရေးရာ၊ ကမ္ဘာရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ်များကို အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။

ထို့မှတစ်ဆင့် မိတ္ထီလာမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ တာဝါတိုင်နှင့် ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုနေမှု၊ ရုပ်သံထုတ်လွှင့်စက်ပစ္စည်းများ စွမ်းအား ပြည့်လည်ပတ်နေမှု၊ ရုပ်မြင်သံကြားနှင့် FM လိုင်းများထပ်ဆင့် ထုတ်လွှင့်ပေးနေမှု၊ ထပ်ဆင့်လွှင့် စက်များ စနစ်တကျ ထိန်းသိမ်း ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းသို့ သွားရောက်၍ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ သုတ/ရသ စာအုပ်စာစောင်များ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းစာကြည့် တိုက်အတွက် စာအုပ်စာစောင် အုပ်ရေ ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် စာကြည့်တိုက်မှူးတို့က လက်ခံ ရယူကြသည်။

ထို့အတူ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးရှိ ရွှေလျား စာကြည့်တိုက် မော်တော်ယာဉ်၊ ကလေးစာဖတ်ခန်းနှင့် ဒေသ ဆိုင်ရာပြတိုက်ငယ်၊ ပြည်သူ့ စာကြည့်တိုက်တို့ကို ကြည့်ရှု စစ်ဆေးပြီး မိတ္ထီလာခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒေသတွင်းအခြေ အနေမှန်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်း များနှင့် ပြည်သူ့လိုအပ်ချက်များ ကို အစဉ်လေ့လာစောင့်ကြည့်၍ အချိန်နှင့်တစ်ပြေးညီ တိကျ မှန်ကန်စွာ တင်ပြပေးပို့ကြရန်၊ ဒေသ၏အသံနှင့် ပြည်သူတို့၏ သဘောထားများကို သက်ဆိုင်ရာ အဆင့်ဆင့် သိရှိစေရေးနှင့် သတင်းအရည်အသွေး ယုံကြည် စိတ်ချရမှုမြင့်မားစေရေး ဌာန ဆိုင်ရာများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးစဉ် အဆိုပါရုံးရှိ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ချီးမြှင့် ငွေများပေးအပ်ပြီး မိတ္ထီလာမြို့ မြို့နယ် စာရေးဆရာအသင်းမှ အဖွဲ့ဝင်များအား သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၆)၊ မြန်မာရေးရာ၊ ကမ္ဘာရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ် များကို အမှတ်တရလက်ဆောင် ပေးအပ်သည်။ **သတင်းစဉ်**

ဒီဂျစ်တယ်ခေတ်တွင် အသေးစားစီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်ရေး

ယနေ့ကမ္ဘာကြီးတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စီးပွားရေးလုပ်ငန်းများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများသည်လည်း လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ယခင်က လုပ်ငန်းတစ်ခု ရေရှည်ရပ်တည်နိုင်ရန် အရင်းအနှီး၊ လုပ်သားအင်အား၊ ထုတ်လုပ်မှုစွမ်းရည်နှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို အဓိကထားခဲ့ကြသော်လည်း ယနေ့ခေတ်တွင် ယင်းအချက်များနှင့်အတူ နည်းပညာကို မည်မျှထိရောက်စွာ အသုံးချနိုင်သည်ဆိုသည့်အချက်ကလည်း လုပ်ငန်းတစ်ခု၏ ရှင်သန်မှုနှင့် တိုးတက်မှုကို အဆုံးအဖြတ်ပေးလာကြသည်။

ပုလောစိုးနံ့သာ

အထူးသဖြင့် အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် ဒီဂျစ်တယ်နည်းပညာသည် လုပ်ငန်းကြီးများနှင့် ယှဉ်ပြိုင်နိုင်ရန် အခွင့်အလမ်းသစ်များ ဖန်တီးပေးလျက်ရှိသည်။ အရင်းအနှီးအကန့်အသတ်ရှိသည့် လုပ်ငန်းငယ်တစ်ခုအနေဖြင့် စက်ရုံကြီးများကဲ့သို့ စက်ကိရိယာအမြောက်အမြား ဝယ်ယူတပ်ဆင်နိုင်မည် မဟုတ်သော်လည်း လက်ကိုင်ဖုန်းတစ်လုံး၊ အင်တာနက်ချိတ်ဆက်မှုတစ်ခုနှင့် သင့်လျော်သော ဒီဂျစ်တယ်ကိရိယာအချို့ကို အသုံးပြုခြင်းဖြင့် လုပ်ငန်း၏ အချိန်ကုန်ကျမှု၊ လုပ်အားနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို လျော့ချနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ခေတ် စီးပွားရေးလုပ်ငန်းများအတွက် ထုတ်လုပ်နိုင်စွမ်းတစ်ခုတည်းဖြင့် ရပ်တည်နိုင်ရန် မလုံလောက်တော့ဘဲ ပြောင်းလဲလာသည့် ဈေးကွက်အခြေအနေ၊ ဝယ်ယူသူများ၏ လိုအပ်ချက်နှင့် နည်းပညာဆိုင်ရာ အခွင့်အလမ်းများကို နားလည်လက်ခံပြီး လုပ်ငန်းလည်ပတ်မှုများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲနိုင်မှသာ ရေရှည် ရှင်သန်တိုးတက်နိုင်မည်ဖြစ်ပါသည်။

ထုတ်လုပ်မှု စီမံခန့်ခွဲမှုအထိ နည်းပညာအသုံးချခြင်း

အသေးစား၊ စီးပွားရေးလုပ်ငန်းများတွင် အဓိကကြုံတွေ့ရသည့် အခက်အခဲတစ်ခုမှာ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အချိန်ကုန်ကျမှုဖြစ်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို စနစ်တကျမစီမံနိုင်ပါက ကုန်ကြမ်းအလေအလွင့် ဖြစ်ခြင်း၊ ကုန်ပစ္စည်းလက်ကျန် မမှန်ကန်ခြင်း၊ အမှာစာများ ရောထွေးခြင်းနှင့် ကုန်ကျစရိတ် တွက်ချက်မှု မှားယွင်းခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ယင်းအခြေအနေများကို နည်းပညာဖြင့် တစ်စိတ်တစ်ပိုင်း ဖြေရှင်းနိုင်သည်။

ဥပမာအားဖြင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းငယ်တစ်ခုသည် ကုန်ကြမ်းဝယ်ယူမှု၊ နေ့စဉ်ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် ကုန်ပစ္စည်း လက်ကျန်များကို ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းဖုန်း အတွင်းရှိ စာရင်းဇယားဆွေမဲ့ဖဲ့ဖြင့် မှတ်တမ်းတင်ထားနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မည်သည့် ကုန်ကြမ်းကို မည်မျှအသုံးပြုခဲ့သည်၊ မည်သည့် ထုတ်ကုန်က အရောင်းကောင်းသည်၊ မည်သည့် အချိန်တွင် ကုန်ကြမ်းပြန်လည် မှာယူသင့်သည်တို့ကို ပိုမိုတိကျစွာ သိရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် လုပ်ငန်းအမျိုးအစားအလိုက် သင့်လျော်သော စက်ကိရိယာအသေးစားများ၊ အလိုအလျောက် ထုပ်ပိုးသည့်စက်များ၊ အလေးချိန်တိုင်းတာသည့် ကိရိယာများနှင့် အရည်အသွေးထိန်းချုပ်ရေး နည်းပညာများကို အသုံးပြုနိုင်ပါက ထုတ်လုပ်မှု မြန်ဆန်လာပြီး ထုတ်ကုန်အရည်အသွေးကိုလည်း ပိုမိုတည်ငြိမ်စေနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် နည်းပညာအသုံးပြုခြင်းသည် စက်ကိရိယာအသစ်များ ဝယ်ယူတပ်ဆင်ခြင်းတစ်ခုတည်းကို ဆိုလိုခြင်း မဟုတ်ကြောင်းကိုလည်း သိရှိထားရမည်ဖြစ်ပါသည်။

မိမိလုပ်ငန်း၏ လုပ်ငန်းစဉ်များကို ပြန်လည် သုံးသပ်ပြီး မည်သည့်နေရာတွင် အချိန်နှင့် ကုန်ကျစရိတ် ပိုမိုကုန်ဆုံးနေသည်ကို ရှာဖွေကာ သင့်လျော်သည့် နည်းပညာကို ရွေးချယ်အသုံးပြုခြင်းက ပိုမိုအရေးကြီးသည်။

ဒီဂျစ်တယ်ဈေးကွက်ဖြင့် ဝယ်ယူသူများထံ ရောက်ရှိခြင်း

ယခင်က အသေးစားလုပ်ငန်းများသည် မိမိတို့၏ ထုတ်ကုန်များကို ဒေသတွင်းဈေးကွက်၊ ဆိုင်ခန်းနှင့် ပွဲလမ်းသဘင်များမှတစ်ဆင့်သာ အဓိက ရောင်းချခဲ့ကြရသည်။ ယခုအခါ လူမှုကွန်ရက်နှင့် အွန်လိုင်းအရောင်းစနစ်များ ဖွံ့ဖြိုးလာခြင်းကြောင့် ထုတ်ကုန်တစ်ခုကို နေရာဒေသမရွေး ဝယ်ယူသူများထံ မိတ်ဆက်ရောင်းချနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာသည်။ ဖေ့စ်ဘွတ်၊ တစ်တော့ပ်နှင့် အခြားအွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် ထုတ်ကုန်ဓာတ်ပုံ၊ ဗီဒီယို၊ ဈေးနှုန်းနှင့် ထုတ်ကုန်အကြောင်းအရာများကို စနစ်တကျဖော်ပြနိုင်သည်။

ထို့အပြင် အမှာစာလက်ခံခြင်း၊ ဝယ်ယူသူများ၏ မေးမြန်းချက်များကို ဖြေကြားခြင်း၊ ပို့ဆောင်ရေး စီစဉ်ခြင်းနှင့် ဝယ်ယူသူတုံ့ပြန်ချက်များကို စုဆောင်းခြင်းတို့ကိုလည်း ဒီဂျစ်တယ်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် ဒေသထွက် သီးနှံများကို ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းငယ် တစ်ခုသည် မိမိထုတ်ကုန်များ၏ အရည်အသွေး၊ ထုပ်ပိုးပုံနှင့် ထုတ်လုပ်သည့်ဒေသတို့ကို ဓာတ်ပုံ၊ ဗီဒီယိုများဖြင့် ဖော်ပြနိုင်ပါက ဒေသတွင်း ဝယ်ယူသူများသာမက အခြားမြို့များရှိ ဝယ်ယူသူများထံပါ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

အွန်လိုင်းဈေးကွက်တွင် ရောင်းချရာ၌ ကြော်ငြာတင်ခြင်းတစ်ခုတည်းဖြင့် အရောင်းတိုးတက်မည် မဟုတ်ဘဲ ထုတ်ကုန်အရည်အသွေး၊ ဈေးနှုန်း သင့်တင့်မှု၊ ပို့ဆောင်ရေးအဆင်ပြေမှုနှင့် ဝယ်ယူသူယုံကြည်မှုတို့ကိုလည်း တစ်ပြိုင်နက်တည်း တည်ဆောက်ရန် လိုအပ်ပါသည်။ မည်သည့် ထုတ်ကုန်ကို ဝယ်ယူသူများ ပိုမိုစိတ်ဝင်စားကြသည်၊ မည်သည့်ဈေးနှုန်းအပိုင်းအခြားကို လက်ခံနိုင်သည်၊ မည်သည့်အချိန်တွင် အမှာစာများ ပိုမိုရရှိသည်ဆိုသည့် အချက်အလက်များကို စုဆောင်းလေ့လာနိုင်ပါက ထုတ်လုပ်မှုနှင့် ဈေးကွက်မဟာဗျူဟာကို ပိုမိုထိရောက်စွာ ချမှတ်နိုင်မည်ဖြစ်ပါသည်။

ဒီဂျစ်တယ်ငွေပေးချေမှုက လုပ်ငန်းလည်ပတ်မှုကို ပိုမိုလွယ်ကူစေခြင်း

စီးပွားရေးလုပ်ငန်းတစ်ခုအတွက် အရောင်း အဝယ်နှင့် ငွေကြေးစီမံခန့်ခွဲမှုသည် အရေးပါသည့် အခြေခံလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ငွေပေးချေမှုကို လွယ်ကူမြန်ဆန်စေသည့် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များသည် အသေးစားလုပ်ငန်းများအတွက်လည်း အကျိုးရှိစေသည်။ Mobile Banking၊ Mobile Wallet နှင့် QR Code ငွေပေးချေမှုစနစ်များကို အသုံးပြုခြင်းဖြင့် ဝယ်ယူသူများသည် ငွေသားမပါဘဲ ပေးချေနိုင်ပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း ငွေလက်ခံမှုမှတ်တမ်းများကို ပိုမိုလွယ်ကူစွာ စစ်ဆေးနိုင်သည်။

> **“ အသေးစားစီးပွားရေးလုပ်ငန်းတစ်ခု ရှင်သန်တိုးတက်လာခြင်းသည် လုပ်ငန်းရှင်တစ်ဦးတည်း၏ အောင်မြင်မှုမျှသာ မဟုတ်ဘဲ ထိုလုပ်ငန်းမှတစ်ဆင့် အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်တတ်လုပ်နိုင်ခြင်း၊ ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိလာခြင်းနှင့် ဒေသ စီးပွားရေးလည်ပတ်မှု အားကောင်းလာခြင်းတို့ကိုပါ ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့သော လုပ်ငန်းငယ်များ၏ အားကောင်းမှုသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အခြေခံအင်အားတစ်ရပ် ဖြစ်လာမည်။ ”**

နေ့စဉ်အရောင်းအဝယ်များကို စနစ်တကျမှတ်တမ်းတင်ထားနိုင်ခြင်းသည် ဝင်ငွေ၊ ထွက်ငွေ၊ အမြတ်နှင့် အရှုံးတို့ကို တွက်ချက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဒီဂျစ်တယ် ငွေပေးချေမှုမှတ်တမ်းများသည် လုပ်ငန်း၏ အရောင်းအဝယ် မှတ်တမ်းအဖြစ်သာမက ငွေကြေး ဆိုင်ရာ ယုံကြည်စိတ်ချရမှုကို ပြသနိုင်သည့် အချက် အလက်တစ်ရပ်လည်း ဖြစ်လာနိုင်သည်။ လုပ်ငန်း တစ်ခု၏ ဝင်ငွေနှင့် ငွေစီးဆင်းမှုကို စနစ်တကျ မှတ်တမ်းတင်ထားနိုင်ခြင်းသည် အနာဂတ်တွင် ငွေကြေးဝန်ဆောင်မှုများ ရယူရာ၌ အထောက် အကူဖြစ်စေနိုင်ပါသည်။

ဥာဏ်ရည်တုနည်းပညာနှင့် ဒေတာအသုံးချမှု

ယနေ့ခေတ်တွင် အထူးစိတ်ဝင်စားဖွယ်ကောင်း လာသည့် နည်းပညာတစ်ရပ်မှာ ဥာဏ်ရည်တု နည်းပညာ (Artificial Intelligence – AI) ဖြစ်ပါသည်။ AI ကို လုပ်ငန်းကြီးများတွင်သာ အသုံးပြုနိုင်သည်ဟု ယူဆရန်မလိုတော့ဘဲ အသေးစားလုပ်ငန်း ရှင်များအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းလိုအပ်ချက်အလိုက် ရိုးရှင်းသော AI ကိရိယာများကို စတင် အသုံးချနိုင်ပြီဖြစ်ပါသည်။

ဥပမာအားဖြင့် ထုတ်ကုန်ကြော်ငြာစာသား ရေးသားခြင်း၊ အွန်လိုင်းကြော်ငြာအတွက် အကြောင်း အရာစီစဉ်ခြင်း၊ ထုတ်ကုန်မိတ်ဆက်စာ ပြင်ဆင်ခြင်း နှင့် ဝယ်ယူသူများထံ ပေးပို့မည့် အချက်အလက်များ ရေးသားခြင်းတို့တွင် AI ကို အထောက်အကူပြု ကိရိယာအဖြစ် အသုံးပြုနိုင်သည်။ ထို့ပြင် အရောင်း စာရင်းများကို စုစည်းလေ့လာပြီး ဝယ်လိုအားအခြေ အနေကို ခန့်မှန်းခြင်း၊ ကုန်ပစ္စည်းလက်ကျန်ကို စီမံခြင်းနှင့် ဖောက်သည် မေးမြန်းချက်များကို အလိုအလျောက်တုံ့ပြန်နိုင်သည့် စနစ်များကိုလည်း လုပ်ငန်းလိုအပ်ချက်အလိုက် အသုံးပြုလာနိုင်သည်။

သို့သော် AI မှ ထုတ်ပေးသည့် အချက်အလက် တိုင်းကို မှန်ကန်သည်ဟု ယူဆနိုင်မည်မဟုတ်ပါ။ ထုတ်ကုန်အကြောင်းအရာ၊ ဈေးနှုန်း၊ ဥပဒေဆိုင်ရာ အချက်အလက်နှင့် ဖောက်သည်ထံ ပေးပို့မည့် အကြောင်းအရာများကို လူကိုယ်တိုင် ပြန်လည် စစ်ဆေးရမည်။ ထို့အပြင် ဖောက်သည်များ၏ ကိုယ်ရေးအချက်အလက်နှင့် လုပ်ငန်းဆိုင်ရာလျှို့ဝှက် အချက်အလက်များကို AI ကိရိယာများထဲသို့ ထည့်သွင်းအသုံးပြုရာတွင်လည်း သတိထားရန် လိုအပ်ပါသည်။

စီးပွားရေးနှင့်ပတ်သက်သည့် နိုင်ငံတကာ လေ့လာမှုများတွင်လည်း AI နှင့် ဒီဂျစ်တယ်ကိရိယာ များကို အသုံးပြုခြင်းဖြင့် လုပ်ငန်းထိရောက်မှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်စွမ်း တိုးတက်လာနိုင်ကြောင်း ဖော်ပြထားသည်။ သို့သော် နည်းပညာကို အမှန် တကယ်အကျိုးရှိစွာ အသုံးချနိုင်ရန် ကျွမ်းကျင်မှု၊ အချိန်၊ ထိန်းသိမ်းစရိတ်နှင့် လုံခြုံရေးဆိုင်ရာ အခက် အခဲများကိုလည်း ဖြေရှင်းရန် လိုအပ်ကြောင်း သုံးသပ်ထားသည်ကို လေ့လာတွေ့ရှိရသည်။

နည်းပညာအသုံးချရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ

အသေးစားလုပ်ငန်းများအတွက် နည်းပညာ အသုံးချမှုတွင် အခွင့်အလမ်းများစွာရှိသော်လည်း အခက်အခဲများလည်း ရှိနေသည်။ ပထမဦးစွာ နည်း ပညာဆိုင်ရာ စက်ကိရိယာများ၊ ဆော့ဖ်ဝဲများနှင့် အင်တာနက်ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ် ကို ထည့်သွင်းစဉ်းစားရသည်။ လုပ်ငန်းငယ်များ အနေဖြင့် အရင်းအနှီးအကန့်အသတ်ရှိသည့်အတွက် မိမိလုပ်ငန်းနှင့် မကိုက်ညီသော နည်းပညာများကို အလျင်စလို ဝယ်ယူအသုံးပြုခြင်းသည် ငွေကြေး ဆုံးရှုံးမှု ဖြစ်စေနိုင်သည်။

ဒုတိယအချက်မှာ ဒီဂျစ်တယ်ကျွမ်းကျင်မှုဖြစ် ပါသည်။ နည်းပညာကိရိယာများ ရှိနေသော်လည်း ထိရောက်စွာ အသုံးပြုနိုင်သည့် အသိပညာနှင့် ကျွမ်းကျင်မှုမရှိပါက မျှော်မှန်းထားသည့် အကျိုး ကျေးဇူးကို ရရှိရန် ခက်ခဲနေမည်ဖြစ်ပါသည်။ ထို့အပြင် အင်တာနက်နှင့် လျှပ်စစ်ဓာတ်အား မတည်ငြိမ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ အကောင့်ခိုးယူမှုနှင့် ဒေတာ လုံခြုံရေးဆိုင်ရာ အန္တရာယ်များကိုလည်း ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် နည်းပညာ တစ်ခုကို အသုံးပြုမည်ဆိုပါက မိမိလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်မှု ရှိ၊ မရှိကို ဦးစွာဆန်းစစ်သင့် သည်။ အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်နည်းပါးသည့် ကိရိယာများဖြင့် စတင်စမ်းသပ်ပြီး ရရှိလာသည့် အကျိုးကျေးဇူးကို တိုင်းတာကာ လိုအပ်သလို တိုးချဲ့ အသုံးပြုသည့် နည်းလမ်းက ပိုမို သင့်လျော်မည်ဖြစ် ပါသည်။ လုပ်ငန်းသုံးအကောင့်များတွင် လုံခြုံသော စကားဝှက်များ အသုံးပြုခြင်း၊ အဆင့်နှစ်ဆင့် အတည်ပြုခြင်းနှင့် အရေးကြီးသည့် စာရင်းအချက် အလက်များ အရန်သိမ်းဆည်းခြင်းတို့ကိုလည်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုဖြင့် MSME လုပ်ငန်းများကို ဖြင့်တင်ခြင်း

အသေးစားစီးပွားရေးလုပ်ငန်းများ၏ နည်းပညာ အသုံးချနိုင်စွမ်း တိုးတက်လာရေးသည် လုပ်ငန်းရှင် တစ်ဦးချင်း၏ ကြိုးပမ်းမှုဖြင့်သာ ပြည့်စုံနိုင်မည် မဟုတ်ပေ။ နိုင်ငံတော်၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ္ဍာရေး အဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများ၊ ပညာရေး အဖွဲ့အစည်းများနှင့် စီးပွားရေးအသင်းအဖွဲ့များ အကြား ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။ ၂၀၂၆ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ MSME နေ့အထိမ်းအမှတ် အခမ်းအနားနှင့်လည်း MSME လုပ်ငန်းများ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်း ရေးနှင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးမှုအတွက် လုပ်ငန်းများ၏ အခန်းကဏ္ဍကို ဆွေးနွေးခဲ့ကြသည်။

ယင်းအခမ်းအနားတွင် လုပ်ငန်းတစ်ခုအနေဖြင့် အွန်လိုင်းတွင် မြင်သာထင်ရှားမှုရှိခြင်း၊ ယုံကြည် စိတ်ချရမှု တည်ဆောက်ခြင်း၊ ငွေပေးချေမှုစနစ် ရှိခြင်း၊ ဈေးကွက်ဝင်နိုင်ခြင်း၊ ပို့ဆောင်မှုဆောင်ရွက် နိုင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့နိုင်ခြင်းတို့ကို အဆင့် လိုက် တည်ဆောက်ရန် အရေးကြီးကြောင်း အလေးထားဖော်ပြခဲ့သည်။ *စာမျက်နှာ ၇ သို့*

❒ ရှေ့ဖုံးမှ

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် မျှဝေ(ဥက္ကံ)ရေးသားသည့် တောင်ခြေကျေးလက်ဆောင်းမနက် မယ်လိုဒီနှင့် အခြားဝတ္ထုတိုများစာအုပ် (သီရိမြန်မာစာပေ)၊ **ကဗျာ(ဂန္ဓဝင်)ဆု**တွင် မောင်လွန်းမြိုင် (ပင်လယ်ဘူး) ရေးသားသည့် လရိပ်တစ်ခြမ်း ပန်းနှင့်လိပ်ပြာကဗျာများစာအုပ် (မေတ္တာရိပ်နန်းစာပေ)၊ **ကဗျာ (ခေတ်ပေါ်)ဆု**တွင် ဒေါ်ဟေ (အညာမြေ) ရေးသားသည့် မာနကင်းမဲ့ဇုန်စာအုပ် (မြဝတ်ချိုစာပေ)၊ **စာပဒေသာဆု**တွင် အန်ကယ်ပညာရေးသားသည့် မေမေ့ဆံပင်နှင့် ဘဝ လက်တစ်ကမ်းမှ စာတမ်းငယ်များစာအုပ် (စာပေဗိမာန်)၊ **ကလေးစာပေဆု**တွင် လက်ပံနီ ရေးသားသည့် မောင်မောင့်လွယ်အိတ်ကလေး ကလေးကဗျာများ စာအုပ် (မေတ္တာရိပ်နန်းစာပေ)၊ **လူငယ်စာပေဆု**တွင် မျိုးမင်းထိုက် ရေးသားသည့် ကျွန်တော်နှင့် ကျွန်တော့်ညီ ဖိုးချစ်အပိုင်း(၄) စာအုပ်(အလင်းအိမ်မီဒီယာဂရုစာပေ)၊ **ဘာသာပြန် (သုတ) စာပေ**တွင် ရွှေအိုလတ်ရေးသားသည့် အဖေ့ဆီက အိပ်မက်များ (Myanmar Heritage Publications စာပေ)၊ **သုတပဒေသာ (ဝိဇ္ဇာ)ဆု**တွင် ဒေါက်တာချိုချိုတင့်(မြန်မာစာ) ရေးသားသည့် မြန်မာပြောစကား စကားပန်းအိမ်စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေ)၊ **သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆု**တွင် ဒေါက်တာမြင့်လွင်(စိတ်ပညာ) ရေးသားသည့် စိတ်ပညာနိဒါန်း (အပြုအမူနှင့် စိတ်ဖြစ်စဉ်များကို သိပ္ပံနည်းကျလေ့လာခြင်း အတွဲ ၁+၂) စာအုပ် (ဆုရောင်စဉ်စာပေ)၊ **သုတပဒေသာ (အသုံးချသိပ္ပံ)ဆု** တွင် ဒေါက်တာ ခင်မိုးမိုးရေးသားသည့် အိမ်တွင်း သမားတော် စာအုပ် (စွယ်စုံစာပေ)၊ **ပြဇာတ်စာပေဆု**တွင် နေစိုးသော် ရေးသားသည့် မေတ္တာခြုံ လုံစေသား စာအုပ် (ကောင်းဆုသာစာပေ)၊ **နိုင်ငံရေးစာပေဆု**တွင် ဒေါက်တာခင်မောင်လွင် ရေးသားသည့် မြန်မာ ၂၀၄၈ စာအုပ် (SMARTစာပေ)၊ **အင်္ဂလိပ်(သုတ)ဆု**တွင် Researcher Maung Han ရေးသားသည့် Significant Cultural Information about Pyu Ancient Cities စာအုပ် (စာပေဗိမာန်)၊ **အင်္ဂလိပ်(ရသ)** ဆုတွင် Dr. Myint Zan ရေးသားသည့် Glimpses of Myanmar and Myanmar-related Personages III စာအုပ် (Myanmar Heritage Publications)၊ **ရသစာတမ်းဆု**တွင် အရှင်သုမင်္ဂလ(စစ်ကိုင်း) ရေးသားသည့် ကျုံးတစ်ပတ်မြနန္ဒာ (မန္တလေးအခြေစိုက် ရသစာစုများ) စာအုပ် (တီတူးခါးခါးစာပေ)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့် သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ ၊ ၀၆၇-၃၄၁၂၂၀၃ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

ဝတ္ထုရှည်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမဉ္ဇူ၏ နေအဆင်းလအလင်း ချစ်ခြင်းဖြာဝေ ရနံ့သင်းပါစေ၊ ဒုတိယဆုကို ရဲမင်းစိုး၏ တောင်ခမ်းမြေမှာ ပွင့်ဝေလာသောပန်း စာမူများက လည်းကောင်း၊ **ဝတ္ထုတိုပေါင်းချုပ်ဆု**တွင် ပထမဆုကို ခင်လေးစိန်(ဘိုကလေး)၏ အရှေ့ဆီ ရောင်နီထွန်းပါလိမ့်နှင့် အခြားဝတ္ထုတိုများ၊ ဒုတိယဆုကို စုမွန် (UFL)၏ အဖေ (သို့မဟုတ်) တုနှိုင်းမဲ့ မေတ္တာစမ်းရေနှင့် အခြားဝတ္ထုတိုများ၊ တတိယဆုကို မောင်နေခြည်(ပြည်)၏ ညမှောင်မိုက်မှာ လမင်းသာသော်နှင့် အခြားဝတ္ထုတိုများ စာမူများကလည်းကောင်း၊ **ကဗျာပေါင်းချုပ်ဆု**တွင် ပထမဆုကို နေခြည်မောင် (မြောင်းမြ)၏ မပြယ်သောရနံ့ မတန့်သောအလင်းကဗျာများ၊ ဒုတိယဆုကို မိုးပွင့်သစ် (မန်းတောင်ရိပ်) ၏ ရင်ဝှက်အလွမ်း ပန်းအိပ်မက်ကဗျာများ၊ တတိယဆုကို မောင်ယုလွင်(သပြေ)၏ အမွေးဆုံးနံ့သာ ကဗျာများ စာမူများကလည်းကောင်း၊ **သုတပဒေသာ(ဝိဇ္ဇာ) ဆု**တွင် ပထမဆုကို မောင်ငြိမ်းချမ်း (မြန်အောင်)၏ သွေးလှူ၊ သွေးကူ၊ သွေးယူ၊ ဒုတိယဆုကို မောင်သာ (ရှေးဟောင်းသုတေသန) ၏ ကျောက်စာများပေါ်က ပုဂံပုံရိပ်များ၊ တတိယဆုကို ယဉ်ယဉ်မွန် (ရှေးဟောင်းသုတေသန)၏ ပင်းယခေတ်ကို ရှာဖွေလေ့လာခြင်းစာမူများက လည်းကောင်း၊ **သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆု**တွင် ဒုတိယဆုကို လှဆန်း(စိုက်ပညာရှင်)၏ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေး စားဖိုဆောင်သီးနှံမျိုးစုံစိုက်ပျိုးရေး၊ **သုတပဒေသာ(အသုံးချသိပ္ပံ) ဆု**တွင် ပထမဆုကို ပန်းတနော် ခင်မောင်မြင့်၏ ကမ္ဘာ့မြေရှားသတ္တုလောကနှင့် မြန်မာ့မြေရှားသတ္တု၊ ဒုတိယဆုကို ကိုချစ်(ဓာတု)၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ စွန့်ပစ်ရေကို သန့်စင်စို့၊ တတိယဆုကို ဒေါက်တာနုမြတ်သိင်္ဂီဦး၏ မေမေ့သက်တံလေးနှင့် ရင်သွေးရရေး ဆေးပညာပေးဆောင်းပါးများ စာမူများကလည်းကောင်း၊ **စာပဒေသာဆု**တွင် ပထမဆုကို ကိုတူး (သာယာမြိုင်)၏ လေးရပ်ဝတီ ခရီးသည်၊ ဒုတိယဆုကို ကိုတိုး (ရန်ကင်း) ၏ အမှတ်တရ တသသရင်မှာ ထာဝရ မြန်မာတေးအလှ၊ တတိယဆုကို ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၏ နွမ်းလျသော်လည်း ပန်းအလှလေးပွင့်ခဲ့သည် စာမူများကလည်းကောင်း၊ **မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု**တွင် ဒုတိယဆုကို ကျော်မျိုးနိုင်၏ ကျွန်တော်ထိစပ် ပတ်သက်ကျင်လည်ခဲ့ရသော မြန်မာ့ဆိုင်းလောက၊ တတိယဆုကို ဆလိုင်းတူးတူးမောင်၏ အရှိချင်း ရိုးရာဓလေ့ထုံးစံများ စာမူများကလည်းကောင်း၊ **ကလေးစာပေဆု**တွင် ပထမဆုကို မြတ်မင်းသန့်၏ သားတို့ချစ်သည် မြန်မာပြည်နှင့် အခြားကဗျာများ၊ ဒုတိယဆုကို မင်းလပြည့်(ဟားခါး)၏ ဝါးယပ်တောင်လေးနှင့် အခြားဝတ္ထုတိုများ၊ တတိယဆုကို ကျော့ဝင်း (မိုးညှင်း)၏ ပြည်ထောင်စု၏ ရင်သွေးငယ်နှင့် အခြားကလေးကဗျာများ စာမူများကလည်းကောင်း၊ **လူငယ်စာပေဆု**တွင် ပထမဆုကို မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ လူငယ့်ဂုဏ်ရည် စာပန်းချီ၊ ဒုတိယဆုကို အမောင်၏ သားအတွက် ပျားတစ်စက် ခွန်အားဖြည့်စာ၊ တတိယဆုကို ခင်ဇော် (သီတာကုန်းပြင်)၏ ဒူးထောက်လို့ အညံ့မခံ နင်လားဟဲ့ လောကမံ စာမူများကလည်းကောင်း၊ **ပြဇာတ်စာပေဆု**တွင် ဒုတိယဆုကို နေစိုးသော်၏ ပန်းပျိုးသူ၊ တတိယဆုကို သိန်းဇော်(ရွှေလီဦး)၏ တို့ဘိုးဘွားအမွေ မြေဆီမြေအနှစ်က ရတနာရွှေတကယ်ဖြစ်ပြီ စာမူများကလည်းကောင်း၊ **ဘာသာပြန်(သုတ)ဆု**တွင် ပထမဆုကို ဆွေဇင်ညွန့် (မဟာဒဿန)၏ ဘုရားသခင်အလား လူသား (အနာဂတ်၏ သမိုင်းအကျဉ်းချုပ်) စာမူကလည်းကောင်း၊ **အင်္ဂလိပ်စာပေဆု**တွင် ပထမဆုကို Khin Maung Myint ၏ A Selection of My Articles စာမူကလည်းကောင်း၊ **ရသစာတမ်းဆု**တွင် ပထမဆုကို နိုင်ဆွေ (ခရမ်း)၏ ကျွန်တော်တို့ မြို့ကလေး ဖေဖေနှင့် နှစ် ၅၀ အပါအဝင် ရသစာတမ်းများ၊ ဒုတိယဆုကို မမမီ (ရန်ကုန်တက္ကသိုလ်)၏ ညများ၏ ရာဇဝင်နှင့် အခြားအက်ဆေးများ၊ တတိယဆုကို ပန်းသွန်းသွန်းခက်၏ နံနက်ခင်း အတွေးတစ်စနှင့် အခြားရသစာတမ်းများ စာမူများကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်းနှင့် တတိယဆု ငွေကျပ်သိန်း ၁၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုကို စာပေပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၅ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူအစောင် ၂၆၀ ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့် သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၆ မှ

အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နည်းပညာသင်တန်းများကို မြို့ပြဒေသများတွင်သာမက ကျေးလက်ဒေသများအထိတိုးချဲ့ပေးရန် လိုအပ်ပါသည်။ လုပ်ငန်းရှင်များအတွက် စာရင်းကိုင်အခြေခံ၊ အွန်လိုင်းဈေးကွက်အသုံးပြုမှု၊ ဒီဂျစ်တယ်ငွေပေးချေမှု၊ ထုတ်ကုန်ဓာတ်ပုံနှင့် ကြော်ငြာရေးသားမှု၊ ဆိုက်ဘာလုံခြုံရေးနှင့် AI အခြေခံအသုံးချမှုတို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ပါက နည်းပညာအသုံးချနိုင်စွမ်း ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

ထို့ပြင် လုပ်ငန်းငယ်များအတွက် သင့်လျော်သော အရင်းအနှီးရရှိရေး၊ နည်းပညာ ဝန်ဆောင်မှုများ လက်လှမ်းမီရေး၊ ထုတ်ကုန်စံချိန်စံညွှန်းနှင့် ထုပ်ပိုးမှုအရည်အသွေး မြှင့်တင်ရေး၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နည်းပညာကို လက်တွေ့အသုံးချနိုင်သည့် လုပ်ငန်းရှင်များ ပိုမိုများပြားလာခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ တိုးတက်မှုသာမက ဒေသတွင်း ထုတ်လုပ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံ့စီးပွားရေး အတွက်ပါ အကျိုးရှိစေမည်ဖြစ်ပါသည်။

ဒီဂျစ်တယ်ခေတ်တွင် ရှင်သန်နိုင်မှ တိုးတက်မှုကို တည်ဆောက်နိုင်မည်

ယနေ့ခေတ် စီးပွားရေးပတ်ဝန်းကျင်သည် နည်းပညာတိုးတက်မှု၊ ဝယ်ယူသူများ၏ အပြုအမူပြောင်းလဲမှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှုတို့ကြောင့် အစဉ်အမြဲပြောင်းလဲလျက်ရှိနေသည်။ ထိုအခြေအနေတွင် အသေးစားစီးပွားရေးလုပ်ငန်းများ အနေဖြင့် ယခင်လုပ်ကိုင်ခဲ့သည့် နည်းလမ်းများကို သာ အားကိုးနေ၍ မရတော့ပေ။ ပြောင်းလဲလာသည့် အခြေအနေများကို နားလည်လက်ခံပြီး နည်းပညာနှင့်အညီ လုပ်ငန်းလည်ပတ်မှုများကို ပြုပြင်ပြောင်းလဲနိုင်မှသာ ဈေးကွက်အတွင်း ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ သို့သော် ဒီဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းသည် နည်းပညာအသစ်များကို အလျင်စလို ဝယ်ယူတပ်ဆင်ခြင်းမျိုးမဖြစ်သင့်ဘဲ မိမိလုပ်ငန်း၏ အရွယ်အစား၊ အရင်းအနှီး၊ ထုတ်လုပ်မှုစွမ်းရည်နှင့် ဈေးကွက်လိုအပ်ချက်တို့ကို သုံးသပ်ပြီး အမှန်တကယ်အကျိုးရှိမည့် နည်းပညာကို ရွေးချယ်အသုံးပြုရန် လိုအပ်ပါသည်။

အရောင်းစာရင်းကို ဒီဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ခြင်း၊ အွန်လိုင်းမှ ထုတ်ကုန်မိတ်ဆက်ခြင်း၊ QR ငွေပေးချေမှု လက်ခံခြင်းတို့ကဲ့သို့ ရိုးရှင်းသည့် လုပ်ငန်းစဉ်များမှ စတင်နိုင်သည်။ ထိုမှတစ်ဆင့် လုပ်ငန်း၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတိုးတက်လာသည်နှင့်အမျှ ပိုမိုခေတ်မီသော နည်းပညာများကို အဆင့်လိုက် တိုးချဲ့အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် နည်းပညာအသုံးချမှုနှင့်အတူ ထုတ်ကုန်အရည်အသွေး၊ ဈေးနှုန်းသင့်တင့်မှု၊ ဝယ်ယူသူယုံကြည်မှု၊ ဝန်ဆောင်မှုကောင်းမွန်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးတို့ကိုလည်း မြှင့်တင်ရန် လိုအပ်ပါသည်။ နည်းပညာသည် လုပ်ငန်း၏ အားနည်းချက်များကို ဖြည့်ဆည်းပေးနိုင်သော်လည်း လုပ်ငန်းရှင်၏ ကြိုးပမ်းမှု၊ တီထွင်ဖန်တီးမှုနှင့် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်မှုတို့ကို အစားထိုးနိုင်မည် မဟုတ်ပေ။

အလားတူ နိုင်ငံတော်အနေဖြင့်လည်း အသေးစားစီးပွားရေးလုပ်ငန်းများ၏ ဒီဂျစ်တယ်အသွင် ကူးပြောင်းရေးအတွက် နည်းပညာသင်တန်းများ၊ ငွေကြေးအထောက်အပံ့များ၊ အင်တာနက်နှင့် ဒီဂျစ်တယ်အခြေခံ အဆောက်အအုံများ၊ ဈေးကွက်ချိတ်ဆက်မှုများကို ပိုမိုအထောက်အကူပြုရန် လိုအပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် နည်းပညာဆိုင်ရာ အဖွဲ့အစည်းများကလည်း လုပ်ငန်းငယ်များ လက်လှမ်းမီ အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ပူးပေါင်းပါဝင်သင့်ပါသည်။

အသေးစားစီးပွားရေးလုပ်ငန်းတစ်ခု ရှင်သန်တိုးတက်လာခြင်းသည် လုပ်ငန်းရှင်တစ်ဦးတည်း၏ အောင်မြင်မှုမျှသာ မဟုတ်ဘဲ ထိုလုပ်ငန်းမှတစ်ဆင့် အလုပ်အကိုင်များ ဖန်တီးနိုင်ခြင်း၊ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ ပြည်တွင်း ထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိလာခြင်းနှင့် ဒေသစီးပွားရေးလည်ပတ်မှု အားကောင်းလာခြင်းတို့ကို ပါဖြစ်ပေါ်စေနိုင်သည်။ ထိုသို့သော လုပ်ငန်းငယ်များ၏ အားကောင်းမှုသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အခြေခံအင်အားတစ်ရပ်ဖြစ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဒီဂျစ်တယ်ခေတ်တွင် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးဆုံးမှာ နည်းပညာကို သိရှိနားလည်ရုံမျှမဟုတ်ဘဲ မိမိတို့၏ လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီအောင် လက်တွေ့အသုံးချနိုင်ခြင်းပင်ဖြစ်ပါသည်။ ပြောင်းလဲမှုကို လက်ခံနိုင်ခြင်း၊ နည်းပညာကို အကျိုးရှိစွာ အသုံးချနိုင်ခြင်းနှင့် အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်နိုင်ခြင်းတို့သည် လုပ်ငန်းငယ်များ၏ ရှင်သန်မှုကို အထောက်အကူပြုမည့် အရေးပါသော အခြေခံအချက်များဖြစ်ပါသည်။

ထိုအခြေခံများကို ခိုင်မာစွာတည်ဆောက်နိုင်ပါက အသေးစားစီးပွားရေးလုပ်ငန်းများသည် ပြောင်းလဲနေသော ဒီဂျစ်တယ်ခေတ်၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရုံသာမက အခွင့်အလမ်းသစ်များကို ဖမ်းဆုပ်၍ ပိုမိုကျယ်ပြန့်သော ဈေးကွက်နှင့် စီးပွားရေး ဖွံ့ဖြိုးမှုဆီသို့ပါ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်ရေးသားလိုက်ရပါသည်။ ။

လုပ်ငန်းခွင်တွင် အမှန်တကယ်လုပ်နိုင်စွမ်းရှိပြီး အသုံးချနိုင်သော သုတေသန လုပ်ငန်းများဆောင်ရွက်နိုင်သည့် သင်ကြားရေးမျိုးဖြစ်အောင် ဆောင်ရွက်ကြရန်လို



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးပြီး လုပ်ငန်းခွင်တွင် အမှန်တကယ် လုပ်နိုင်စွမ်းရှိပြီး အသုံးချနိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် သင်ကြားရေးမျိုးဖြစ်အောင် ဆောင်ရွက်ကြရန် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုး ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမျိုးဇော်သိမ်းက ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများကို တိုက်တွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းက သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ စစ်ကိုင်းခရိုင် အတွင်းမှ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန များမှ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ထိုသို့တိုက်တွန်း မှာကြားခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်မှ ပုံမှန်ဘွဲ့သင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး (HRD) သင်တန်းများ ဖွင့်လှစ်နိုင်မှု၊ ဘွဲ့ပေးအပ်ချီးမြှင့်နိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိမှု၊ သုတေသနစာတမ်းများ ပြုစုဆောင်ရွက်နိုင်မှု၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး တိုးတက်စေရေးအတွက် နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများသို့ စေလွှတ်တက်ရောက်နိုင်မှု၊ နိုင်ငံတော်သမ္မတ၏ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ကဏ္ဍနှင့် သက်ဆိုင်သည့် မိန့်ခွန်း ကောက်နုတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ တက္ကသိုလ် စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများနှင့် အားကစားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နည်းပြများ အရည်အသွေးပြည့်မီအောင် လေ့ကျင့်ရန်၊ သင်တန်းများ တတ်မြောက်အောင် သင်ကြားပေးရန်၊ ခေတ်နှင့်အညီ ဈေးကွက်ဝင်ဒီဇိုင်းများ တီထွင်ဖော်ထုတ် သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနရုံး၌ သမဝါယမအသင်းများနှင့် တွေ့ဆုံကာ နိုင်ငံစီးပွားဖြစ်တင်ရေးတွင် အဓိကမောင်းနှင်အား အသင်းများဖြစ်အောင် စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ကြိုးစားကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်၏အကျိုးစီးပွားကို မျှတစွာကြည့်ရှု၍ ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ ဖြေရှင်းဆောင်ရွက်



မန္တလေး နိုဝင်ဘာ ၂၇

အငြင်းပွားမှုများ ဖြစ်ပွားပါက ဖြေရှင်းဆောင်ရွက်နိုင်ရန် အစိုးရအလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဖွဲ့စည်းထားသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ နုံသမာဓိ ကောင်စီဝင်များအနေဖြင့် အငြင်းပွားမှုများကို ဖျန်ဖြေခြင်း၊ စစ်ဆေးဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်၏ အကျိုးစီးပွားကို မျှတစွာကြည့်ရှု၍ ဘက်လိုက်မှုမရှိဘဲ သမာသမတ် ကျစွာ ဖြေရှင်းဆောင်ရွက်မှသာ အလုပ်ရှင်၊ အလုပ်သမားများက ယုံကြည်အားကိုးရသည့် အငြင်းပွားမှု ဖြေရှင်းရေးယန္တရားတစ်ရပ် အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့ ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည့် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များကို ဖွဲ့စည်းတာဝန် ပေးအပ်ထားပြီး အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက နီးနှောဖလှယ်ပွဲ ကျင်းပပုံလုပ်ရသည့် ကိစ္စရပ်များ၊ အလုပ်သမား ဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် စည်းကြပ်သည့် ဥပဒေများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက အုပ်စု (၄) စုဖွဲ့၍ အစုအဖွဲ့လိုက် ပိုင်းဝန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ကြီးတံခွန် မြို့နယ်အတွင်းရှိ Unilever EAC Myanmar Co., Ltd. လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံနှင့် Good Brothers Co., Ltd. လယ်ယာသုံး စက်ပစ္စည်းများ ထုတ်လုပ်ရေး စက်ရုံတို့ရှိ စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီဝင်များ၊ အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ အဆိုပါစက်ရုံအတွင်း လူမှုဖူလုံရေးအကျိုးဝင်အာမခံ အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း ကျန်းမာကောင်းမွန်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရေး အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့က အာမခံအလုပ်သမားများကို လိုအပ်သောဆေးကုသမှုများ၊ ဓာတ်ခွဲ စစ်ဆေးမှုများ၊ ECG ဖြင့် နှလုံး စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး လိုအပ်သော ဆေးဝါး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မက်မန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းများ ကွင်းဆင်းဆောင်ရွက်



မက်မန်း နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းမြို့နယ်၌ လာမည့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက် အထိ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာများတွင် တိရစ္ဆာန် ကောင်ရေစာရင်းကို မြေပြင် ကွင်းဆင်း ကောက်ယူသွားမည် ဖြစ်ရာ ယခုအခါတွင် တိရစ္ဆာန် ကောင်ရေစာရင်း ရှေ့ပြေး ကောက်ယူခြင်းကို ယနေ့ နံနက် ၁၀ နာရီက မက်မန်းမြို့နယ် အေးကျန့်ကျေးရွာအုပ်စု ကွန်ဟောင်းကျေးရွာတွင် ကွင်းဆင်း ကောက်ယူသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြင့်မွန်နှင့် မြို့နယ်အဆင့်လုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာများတွင် တိရစ္ဆာန် ကောင်ရေစာရင်း ကောက်ယူခြင်း လုပ်ငန်းကို ရပ်ကွက် (၂) ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၉၅ ရွာ၊ အိမ်ထောင်စု ၃၀၀၀ ကျော်ရှိ ကွဲ၊ နွား၊ သိုး/ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ အစရှိသည့် မွေးမြူရေး တိရစ္ဆာန်ကောင်ရေ စာရင်းများကိုကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ နိုဝင်ဘာ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးနှင့် တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးစဉ်။

ရဲလင်းဖြိုး(ပြန်/ဆက်)

သာယာဝတီမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး



သာယာဝတီ နိုဝင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ချောင်းသုံးခွကျေးရွာအုပ်စုတွင် ဆောင်ရွက်ရာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ပြည်) ဦးဇော်ဝင်း ထွန်းနှင့် ဝန်ထမ်းများက ချောင်းသုံးခွကျေးရွာအုပ်စုရှိ တောင်သူဦးတင်မောင်ငွေး၏ မိုးစပါးအပြီး သီးထပ်အဖြစ် ဆင်းရွေကြာ-၂ နေကြာမျိုးများ စိုက်ပျိုးမည့် စိုက်ကွင်း မြေပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေး အသိပညာများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

သန့်ဇော် (ပြန်/ဆက်)

❖ ရေရှားမည့်ဘေး ရှောင်ရှားဖို့၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့။

❖ မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နှောင်ရေးကောင်း၏။



ပေါင်မြို့နယ်ရှိ အလုပ်ရေငန်တားတမံ၌ ကျောက်စီတမံတည်ဆောက်မည်

ပေါင် နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများအတွင်းသို့ ပင်လယ်ရေငန်များ ဝင်ရောက်ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်အလုပ်ရေငန်တားတမံ အရှည်ပေ ၄၅၀ ကျောက်စီတမံတည်ဆောက်မည့်နေရာ၏ မြေပြင်အခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး အလုပ်ခင်တန်းရေငန်တားကျောက်စီတမံ လိုင်းရိုက်ခတ်မှုဒဏ်မှ ကာကွယ်ရန်အတွက် ဆောင်ရွက်ထားရှိသည့် အရှည်ပေ ၂၀၀ ကျောက်ကြီးစီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ နိုဝင်ဘာ ၂၇ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဆင်းပွဲအခမ်းအနား ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင်တို့ အမှာစကားပြောကြားစဉ်။

မြို့နယ် (ပြန်/ဆက်)

❖ *ကျောက်ဖုံးမှ*

ရမှတ် ၆၁ မှတ်ရရှိကာ အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေပြီး ISPE အသင်းက ၁၉ ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၅၉ မှတ်ဖြင့် ခုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ရမှတ်နှစ်မှတ်သာ ကွာဟနေခြင်းကြောင့် ချန်ပီယံဆုအတွက် ရန်ကုန်ယူနိုက်တက်သည် သရေတစ်မှတ်ရရှိရုံဖြင့် ချန်ပီယံဖြစ်နိုင်သော်လည်း ISPE အသင်းသည် မဖြစ်မနေ အနိုင်ကစားရန် လိုအပ်နေသည်။

ရာသီပတ်ပွဲစဉ်များအပြီးတွင် တစ်ဦးချင်း ဂိုးသွင်းအများဆုံးဆု အတွက် ရာသီပွဲကုန်ကစားဂိုးဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းမှ တိုက်စစ်မှူး ညီနိုင်က ၂၆ ဂိုးဖြင့် ဦးဆောင်ပြီး လက်ကျန်တစ်ပွဲကစားရန် ကျန်ရှိနေသည့် ISPE အသင်း တိုက်စစ်မှူး စစ်ငြိမ်းချမ်းဦးက ၂၅ ဂိုးဖြင့် ကပ်လိုက်နေသည်။

ယခုနှစ်ပြိုင်ပွဲတွင် ဆုကြေးငွေများကို တိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ချန်ပီယံအသင်းကို ကျပ်သိန်း ၅၀၀၊ ခုတိယအသင်းကို ကျပ်သိန်း ၄၀၀၊ တတိယအသင်းကို ကျပ်သိန်း ၃၀၀ ချီးမြှင့်မည်ဖြစ်သည်။ ထို့အတူ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုအတွက် ကျပ်သိန်း ၃၀၊ ဂိုးသွင်းအများဆုံးဆုနှင့် အကောင်းဆုံး ဂိုးသမားဆုတို့အတွက် ကျပ်သိန်း ၂၀ စီ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုး၊ ဓာတ်ပုံ–ML

❐ ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

❐ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၇



တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အပြင် သံဃာတော်များ၊ သာသနာ့နှယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံများ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ တို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချိုးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောက်ဖုံးမှ*

ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ၁၀ ဂိုး–နှစ်ဂိုးဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ခုနစ်ဂိုး–နှစ်ဂိုးဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ငါးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက လေးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲမှ စတင်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်း မြို့နယ်ရှိ သုဝဏ္ဏဖူဆယ်ရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောက်ဖုံးမှ*

လျှပ်စစ်ဓာတ်အား ဆင့်ပွားသုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ရုံးချုပ်၊ ခရိုင်၊ မြို့နယ် ပါဝင်သော ကော်မတီအဖွဲ့ဖြင့် ထပ်မံကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု ဦးပိုင်အမှတ် (၃၁/၁) ကွင်းအမှတ် (၄၄၈–က) ကလိန်တိမ် အရှေ့ကွင်း (၃ ဒသမ ၀၆) ဧကတွင် ဦးအောင်ခင်၏ စပါးတလင်းနှင့် စပါးဂိုဒေါင် လုပ်ငန်း၊ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု ခွယ်နီကျေးရွာ ဦးပိုင်အမှတ် (၅၉၊ ၆၀/၁၊ ၆၀/၂) ကွင်းအမှတ် (၄၄၈)၊ ကလိန်တိမ် အနောက်ကွင်း (၄ ဒသမ ၁၈) ဧကတွင် ဒေါ်မြင့်မြင့်ကြည်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ ငြိမ်းချမ်းသာစံ ကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁၇/၁)၊ ကွင်းအမှတ် (၄၄၉–က)၊ ငြိမ်းချမ်းသာစံ အနောက်ကွင်း (၃ ဒသမ ၅၄) ဧကတွင် ဦးစိန်အောင်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ ဇီးချိုကုန်းကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁) ကွင်းအမှတ် (၄၉၀) ဇီးချိုကုန်းကွင်း (၂ ဒသမ ၇၉) ဧကတွင် ဦးစန်းယု၏ အဆင့်မြင့် စိုက်ပျိုးရေးလုပ်ငန်း၊ နန္ဒာကျေးရွာအုပ်စု ဦးပိုင်အမှတ် (၁၇၂) ကွင်းအမှတ် (၄၅၀) နန္ဒာတောင်ကျေးရွာ (၂ ဒသမ ၁) ဧကတွင် ဒေါ်တူးမာ၏ သီးနှံဂိုဒေါင်နှင့် ဓာတ်မြေဩဇာ အရောင်းဆိုင် လုပ်ငန်း၊ ရွှေကျင်ကွက်သစ် ကျေးရွာ ဦးပိုင်အမှတ်(၁၂၉) ကွင်းအမှတ် (၄၅၀)၊ (၀ ဒသမ ၉၈) ဧကတွင် ဦးနေဝင်းနိုင်(ခ) ဦးဇော်လတ်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ နန်းဦးလွင် ကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁၈၈) ကွင်းအမှတ်(၅၁၂) ကန်ကောက် ကန်တွင်းကွင်း (၂ ဒသမ ၀၀)ဧကတွင် ဦးစိုးလင်း၏ အထည်ချုပ် စက်ရုံလုပ်ငန်း စုစုပေါင်းလုပ်ငန်း ခုနစ်ခုတို့၏ ပုဂ္ဂလိကထရန်စဖော်မာ ခုနစ်လုံးတို့သည် ခွင့်ပြုမိန့်တွင် မပါသည့် ၄၀၀ ဖို့အား ဓာတ်အားလိုင်းများအား တိုးချဲ့တည်ဆောက်သွယ်တန်း၍ ပြင်ပ Sub Meter များဖြင့် တရားမဝင် ဓာတ်အားခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ပုဂ္ဂလိက ထရန်စဖော်မာ ခုနစ်လုံးကို လျှပ်စစ်ဓာတ်အားဖြတ်တောက် ထားရှိပြီး လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာ အဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများအား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျ သုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ် သတင်းပေးခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ *ကျောက်ဖုံးမှ*

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့မြို့ရှိ တရုတ်နိုင်ငံသား ပိုင်ဆိုင်သည့် အလုပ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း။

အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို တစ်လခွဲခန့် လုပ်ကိုင်ခဲ့ပြီး လုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၂၀၀ ရရှိမည်ဖြစ်သော်လည်း ၇၀၀ စီသာရရှိသဖြင့် မေးမြန်းခဲ့ရာ ၎င်းတို့၏လစာများအနက်မှ တစ်ဦးလျှင် ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထက်ဝေယံမှ ခေါင်းပုံဖြတ်ထုတ်ယူသွားကြောင်း စိစစ်သိရှိရသဖြင့် လိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်း(၀၂၂၅/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံထက်ဝေယံကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် (တစ်ပေါင်းတည်း) ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ယဉ်ကျေးမှု၊ အမွေအနှစ်များနှင့် ရေရှည်တည်တံ့သော မြန်မာ့ခရီးသွားကဏ္ဍ

ယဉ်ကျေးမှုကို အခြေခံသော ခရီးသွားလုပ်ငန်းသည် လူသားတို့၏ သမိုင်းနှင့် အနုပညာလက်ရာများကို တန်ဖိုးထားတတ်စေရန် မြှင့်တင်ပေးရုံသာမက နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုအလှတရားများကို ကမ္ဘာသို့ချပြနိုင်သည့် အဓိက တံတားတစ်စင်းလည်း ဖြစ်ပါသည်။



မြန်မာနိုင်ငံတွင် အဓိကတိုင်းရင်းသား ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၀၀ ကျော် ရှိသဖြင့် မြန်မာနိုင်ငံသည် စိတ်လှုပ်ရှားဖွယ် လူသားမျိုးနွယ်စုဆိုင်ရာ အတွေ့အကြုံများကို ပေးစွမ်းနိုင်ပါသည်။ ချင်းတောင်တန်းများရှိ သက်ကြီးရွယ်အို များ၏ ထူးခြားသော ပါးရဲထိုးဓလေ့ကိုလေ့လာခြင်းဖြစ်စေ၊ ကယားပြည်နယ်ရှိ ပဒေါင်တိုင်းရင်းသား လူမှုအဖွဲ့အစည်း များနှင့် ရေရှည်တည်တံ့သော နည်းလမ်း များဖြင့် ထိတွေ့ဆက်ဆံခြင်းဖြစ်စေ၊ CBT (လူထုအခြေပြု ခရီးသွားလုပ်ငန်း) များသည် ခရီးသွားများကို ကျေးလက်ဒေသ ယဉ်ကျေးမှုထိန်းသိမ်းခြင်း လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ခွင့် ရရှိစေ

အာရှအလယ်ဗဟို ရှေးဟောင်းကုန်သွယ်မှုလမ်းကြောင်းများဆုံရာတွင် တည်ရှိသော မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် ယဉ်ကျေးမှုသမိုင်းကြောင်းနှင့် အမွေအနှစ်များကို ပိုင်ဆိုင်ထားပါသည်၊ နိုင်ငံတော်၏ ကိုယ်ပိုင်လက္ခဏာသည် ထေရဝါဒဗုဒ္ဓဘာသာ၊ တိုင်းရင်းသားစုံလင်မှုနှင့် နက်ရှိုင်းသော ဧည့်ဝတ်ကျေပွန်မှု ဓလေ့ထုံးတမ်းများပေါ်တွင် ခိုင်မာစွာအခြေခံထားသည်။

ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းအခင်းအကျင်းသည် အတွေ့အကြုံအခြေပြု ခရီးသွားလာမှုဘက်သို့ပြောင်းလဲလာသည်နှင့်အမျှ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနသည် လည်း ခရီးသွားကဏ္ဍ ကြံ့ကြံ့ခံ ပြန်လည်ဦးမော့လာစေရန် ရှေ့ဆောင်လမ်းပြ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ပြည်တွင်းခရီးသွားလုပ်ငန်း၏ အရှိန်အဟုန်ကို အသုံးချခြင်း၊ ဒီဂျစ်တယ် အခြေခံ အဆောက်အအုံများ မြှင့်တင်ခြင်းနှင့် နိုင်ငံတကာဂေဟစနစ်စံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ ထိခိုက်လွယ်သော အမွေအနှစ်များကို စနစ်တကျ ကာကွယ်ရင်း တစ်ဖက်မှလည်း လူတိုင်းပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် ထိပ်တန်းခရီးစဉ်ဒေသတစ်ခုအဖြစ် မဟာဗျူဟာမြောက် ရည်မှန်းထားရှိပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားဧည့်သည် ဆွဲဆောင်နိုင်မှုတန့်ဖိုးကို အမှန်တကယ် နားလည်သဘော ပေါက်ရန်အတွက် ယနေ့ခေတ်ရှုခင်းများနှင့် လူမှုအဖွဲ့အစည်းကို ပုံဖော်ပေးခဲ့သည့် ဗိသုကာနှင့် လူမှုစီးပွားဘဝဆင့်ကဲဖြစ်စဉ် သမိုင်းကြောင်းမျဉ်းကို လေ့လာရန် လိုအပ်ပါသည်။

ယဉ်ကျေးမှုနှင့် အမွေအနှစ်အခြေပြု ခရီးသွားလုပ်ငန်းများ

မြန်မာနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာဆွဲဆောင်မှု၏ အဓိကဗဟိုချက်မှာ ရှေးဟောင်းဗိသုကာလက်ရာ ဟောင်းများဖြစ်သည်။ ယူနက်စကို(UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံလွင်ပြင်ရှိ ဓေတီပုထိုးပေါင်းထောင်ချီကို တစ်နေရာတည်းတွင် မြင်တွေ့နိုင်ခြင်းမှာ သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ယဉ်ကျေးမှုဝါသနာရှင်များအတွက် အတိတ်ကာလသို့ ပြန်လည်လှည့်ပတ်ကြည့်ရှုနိုင်မည့် အနှီးနှဲခရီးစဉ်တစ်ခုဖြစ်စေပါသည်။

ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း

ဒေသတစ်ခု၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ သမိုင်းဝင်အမွေအနှစ်များ၊ ဗိသုကာလက်ရာများ၊ အနုပညာ၊ လက်မှုပညာများနှင့် လူနေမှုဘဝပုံစံများကို လေ့လာခံစားရန် ရည်ရွယ်၍ ခရီးသွားလာကြခြင်းကို ဆိုလိုပါသည်။

ခရီးသွားလုပ်ငန်းအမျိုးအစား၏ အဓိကလက္ခဏာများနှင့် တန်ဖိုးများတွင်-

သမိုင်းဝင် အမွေအနှစ်များလေ့လာခြင်း။ ရှေးဟောင်းမြို့ပြများ၊ နန်းတော်များ၊ ဘုရားကျောင်းကန်များနှင့် ပြတိုက်များသို့ သွားရောက်၍ နိုင်ငံနှင့် လူမျိုးတစ်ရပ်၏ သမိုင်းကြောင်းကိုလေ့လာခြင်း (ဥပမာ- မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ မြောက်ဦး၊ ရွှေဘိုနှင့် မန္တလေးနန်းတော် စသည်တို့)

တိုင်းရင်းသားယဉ်ကျေးမှုနှင့် လူနေမှုဘဝကို လေ့လာခြင်း။ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာဝတ်စားဆင်ယင်မှု၊ နေထိုင်စားသောက်မှု၊ လက်မှုပညာဖန်တီးမှုများနှင့် ဒေသခံတို့၏ နေ့စဉ်လူနေမှုဘဝပုံစံများကို ကိုယ်တိုင်တွေ့ကြုံခံစားခြင်း၊

ရိုးရာပွဲတော်များနှင့် အနုပညာများကိုခံစားခြင်း။ ဒေသတွင်း ကျင်းပပြုလုပ်လေ့ရှိသော ရိုးရာ ဘုရားပွဲများ၊ ရိုးရာကခုန်မှုများနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲများကို ပါဝင်ဆင်နွှဲကြရန်အတွက် လာရောက်ကြပါသည်။

ဘာသာရေးနှင့်ဝိညာဉ်ရေးရာ အတွေ့အကြုံအခြေပြု ခရီးသွားလုပ်ငန်း

ဘာသာရေးနှင့် ဝိညာဉ်ရေးရာအတွေ့အကြုံအခြေပြုခရီးသွားလုပ်ငန်းဆိုသည်မှာ ဘာသာရေးယုံကြည်မှု၊ ဝိညာဉ်ရေးရာငြိမ်းချမ်းမှုရှာဖွေခြင်း၊ သမိုင်းဝင်ဘာသာရေး အဆောက်အအုံများနှင့် အမွေအနှစ်များကိုလေ့လာရန်ရည်ရွယ်၍ ခရီးသွားလာကြသည့် လုပ်ငန်းစဉ်ကိုဆိုလိုကြောင်း လေ့လာသိရှိရပြီး စိတ်ဖိစီးမှုများကို ဖယ်ရှားရန်နှင့် စိတ်တည်ငြိမ်မှုရရှိရန်အတွက် တရားစခန်းများ၊ ယောဂ(Yoga) လေ့ကျင့်ရာနေရာများနှင့် တောရကျောင်းများသို့ သွားရောက်လေ့လာအားထုတ်ခြင်း တို့ဖြစ်ပြီး မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ၏ အခြေခံအဆုံးအမများ ခိုင်မာရာနိုင်ငံဖြစ်သည်နှင့် အညီ ရန်ကုန်မြို့ရှိ သမိုင်းဝင်ရွှေတိုဂုံစေတီတော်မြတ်ကြီးနှင့် ဆွဲဆောင်မှုရှိသော ဂျိုက်ထီးရိုးဆံတော်ရှင်တို့သည် အမြင်အာရုံဆိုင်ရာ အံ့ဖွယ်များသာမကဘဲ ထူးခြားဆန်းပြားသော တည်ဆောက်မှုများအဖြစ် ကျော်ကြားပါသည်။

ထို့ပြင် နိုင်ငံတကာမှခရီးသွားများသည် စိတ်ငြိမ်းချမ်းမှုရရှိရန်အတွက် မြန်မာနိုင်ငံရှိ ရိပ်သာများတွင် ဝိပဿနာတရား အားထုတ်ရန်နှင့် တရားစခန်း ဝင်ရန် (Meditation Tourism) အတွက်လည်း အထူးရွေးချယ်လာကြသည်။

မပျက်စီးသေးသော သဘာဝအခြေခံနှင့် ဂေဟခရီးသွားလုပ်ငန်း

စီးပွားဖြစ် ခရီးသွားလုပ်ငန်းများကြောင့် အလွန်အမင်း ညစ်ညမ်းသွားခြင်းမရှိသေးဘဲ မြန်မာနိုင်ငံ၏ သဘာဝအလှတရားများသည် စစ်မှန်သော သဘာဝအတိုင်း တည်ရှိနေဆဲဖြစ်သည့် -

- **အင်းလေးကန်။** ခြေထောက်တစ်ဖက်တည်း ဖြင့်လေလှော်သည့် အင်းသားတို့၏ ထူးခြား သောဓလေ့နှင့် ရေရှည်တည်တံ့သော ရေပေါ်စိုက်ခင်းဂေဟစနစ်ကြောင့် ကမ္ဘာပေါ်တွင် ကျော်ကြားသည်။
- **ပဃလိန်နှင့် ငွေဆောင်ကမ်းခြေ။** အုန်းပင်များ ဝန်းရံနေပြီး သဲသောင်ပြင်ဖြူဖြူနှင့် ကြည်လင်သော ပင်လယ်ရေပြာတို့ကြောင့် လူဦးရေသိပ်သည်းမှုမရှိဘဲ အေးချမ်းစွာ အပန်းဖြေလိုသူများအကြိုက် ဖြစ်သည်။
- **မြိတ်ကျွန်းစု။** မပျက်စီးသေးသော သန္တာကျောက်တန်းများနှင့် ပင်လယ်ပျော် ဆလုံလူမျိုးစု(Sea Gypsies)တို့၏ ရေကြောင်းယဉ်ကျေးမှုများကို ထိတွေ့နိုင်သဖြင့် အဆင့်မြင့် ရေငုပ်ခရီးသွားများအတွက် နောက်ဆုံးပေါ်ထွန်းလာသော နယ်မြေတစ်ခုဖြစ်သည်။

လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)နှင့် တိုင်းရင်းသားရိုးရာဓလေ့များ ပေါ်ပေါက်မှု

မြန်မာနိုင်ငံတွင် အဓိကတိုင်းရင်းသား ရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၀၀ ကျော်ရှိသဖြင့် မြန်မာနိုင်ငံသည် စိတ်လှုပ်ရှားဖွယ် လူသားမျိုးနွယ်စုဆိုင်ရာ အတွေ့အကြုံများကို ပေးစွမ်းနိုင်ပါသည်။ ချင်းတောင်တန်းများရှိ သက်ကြီးရွယ်အိုများ၏ ထူးခြားသော ပါးရဲထိုးဓလေ့ကိုလေ့လာခြင်းဖြစ်စေ၊ ကယားပြည်နယ်ရှိ ပဒေါင်တိုင်းရင်းသား လူမှုအဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော နည်းလမ်းများဖြင့် ထိတွေ့ဆက်ဆံခြင်းဖြစ်စေ၊ CBT (လူထုအခြေပြု ခရီးသွားလုပ်ငန်း)များသည် ခရီးသွားများကို ကျေးလက်ဒေသ ယဉ်ကျေးမှုထိန်းသိမ်းခြင်း လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ခွင့် ရရှိစေသည်။

“အပေါ်ယံကြည့်ရှုခြင်း” မှ “ကိုယ်တိုင်ပါဝင် ခံစားရသည့် အတွေ့အကြုံများ” သို့

ယနေ့ခေတ်ခရီးသွားများသည် အပေါ်ယံကြည့်ရှုရုံမျှသာဖြစ်သော ခရီးစဉ်များကို မလိုလားတော့ပါ။ ဤအပြောင်းအလဲကို ဖမ်းဆုပ်နိုင်ရန် အတွက် ခရီးသွားလုပ်ငန်း မဟာဗျူဟာများကို အပေါ်ယံ ဓာတ်ပုံရိုက်ရုံမျှသာဖြစ်သော ခရီးစဉ်များမှသည် နက်နဲသော ယဉ်ကျေးမှုမြှင့်တင်ရေးနှင့် တန်ဖိုးအခြေပြုအတွေ့အကြုံများဆီသို့ တက်ကြွစွာ ပြောင်းလဲဖော်ဆောင်လျက်ရှိသည်။

ဤနေရာတွင် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းမူဝါဒ (၂၀၁၂) နှင့်အတူ ခရီးသွားလုပ်ငန်းတွင် ဒေသခံများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ (CIT) (၂၀၁၉) တို့ကို လမ်းညွှန်ချက်အဖြစ်အသုံးပြု၍ ဒေသခံတို့၏ရိုးရာဓလေ့များကို ကာကွယ်စောင့်ရှောက်ခြင်းအား အဓိကအလေးထားဆောင်ရွက်လျက်ရှိသည်။

တန်ဖိုးကြီးမားသော ရိုးရာဓလေ့များ၊ ကခုန်မှုများနှင့် ဝတ်စုံစားကို ဒေသခံများ၏ ထူးခြားသော အစားအစာများကို ကိုယ်တိုင်ပါဝင်ချက်ပြုတ်ခြင်း၊ စားသောက်ခြင်း၊ ရှားပါးလိပ်ပြာနှင့် ငှက်မျိုးစိတ်များကို ကြည့်ရှုလေ့လာခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် (စပါး၊ အာလူး၊ ပဲ၊ နှမ်း) စိုက်ပျိုးမှုတို့ကို ကိုယ်တိုင်ဝင်ရောက်စိုက်ပျိုးစေခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ လေ့ကားထစ်စိုက်ပျိုးခြင်းစသည်တို့ကို လေ့လာစေခြင်း၊ နာဂလူမျိုး၊ ဆလုံလူမျိုးတို့၏ ရိုးရာဓလေ့ စရိုက်များကိုလေ့လာစေခြင်းစသည်တို့ကို ခရီးသွားများအား ဖျော်ဖြေရေးအတွက်သက်သက် စီးပွားဖြစ်ကုန်ပစ္စည်းတစ်ခုအသွင်သာမက CBT (လူထုအခြေပြုခရီးသွားလုပ်ငန်း)ကို ပိုမိုဖော်ဆောင်ခြင်းဖြင့် ဒေသခံပြည်သူများမှာ မိမိတို့၏ယဉ်ကျေးမှုကို

စာမျက်နှာ ၁၁ သို့



ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆-၂၀၂၇ ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ် ကွင်းလက်တွေ့စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း စားသုံးဆီဖူလုံစေရေးအတွက် ၂၀၂၆-၂၀၂၇ ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ် ကွင်းလက်တွေ့စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ပုတ္တကျေးရွာအုပ်စု ပုတ္တကျေးရွာ ကွင်းအမှတ် (၇၀၄-က) ၌ ကျင်းပသည်။

လက်တွေ့စိုက်ပျိုးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီး ဝန်ကြီးများက တောင်သူများကို ရေဆင်းစပ်မျိုးနေကြာ(၁)မျိုးစေ့များနှင့် ဆီထွက်ပဲပုပ် ရေဆင်း(၁၅)မျိုးစေ့များ ပေးအပ်ကြပြီး နေကြာပင်များ အောင်မြင်ဖြစ်ထွန်းစေရေး ပျားပုံးများ ပြင်ဆင်ထားရှိမှု၊ နေကြာနှင့် ပဲပုပ်မျိုးစေ့များ စိုက်ပျိုးနိုင်ရေး မြေပြုပြင်နေမှု၊ နေကြာမျိုးစေ့များနှင့် ပဲပုပ်မျိုးစေ့များအား စက်ဆွဲ Seed Planter၊ လက်တွန်း Seed Planter၊ သုံးသွားထွန်ဖြင့် စိုက်မြောင်းဆွဲနည်းစနစ်များဖြင့် စိုက်ပျိုးနေမှု၊ ဖြည့်စွက်ရေပေးသွင်းရန်အတွက် ရေမူနှင့်ဖျန်းပိုက်များ ခင်းကျင်းပြသထားရှိမှု၊ ရေရရှိရေးနည်းလမ်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**



ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပသည့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကို တက်ရောက်ဖွင့်လှစ်ပေးပြီး ပြသထားသည့် ဌာနဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးကာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး AI နည်းပညာအသုံးပြု၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပညာပေးဓာတ်လမ်း တိုဖန်တီးမှုပြိုင်ပွဲ AI Short Video Creation For Road Safety Competition တွင် ဆုရရှိခဲ့ကြသူများကို ဆုများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ရရှိခဲ့သော တံခွန်စိုက်ဆုဖလားများ အပ်နှံခြင်းနှင့် အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်ခဲ့သည်။ **ဇွဲထက်ကို (ပြန်/ဆက်)**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုးကြွမြှင့်တင်ရေးပွဲတော်ကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၂၇

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးကြွမြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခုံမော်၊ ပြည်နယ်တရားသူကြီး ချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က စာဖတ်ရှုနိုးကြွမြှင့်တင်ရေး ပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့၏ ဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။



ဆက်လက်၍ စာဖတ်ရှုနိုးကြွမြှင့်တင်ရေးပွဲတော် ဥာဏ်စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာယစွမ်းရည်ပြိုင်ပွဲများ၊ ကျောင်းစာကြည့်တိုက်၊ လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံများနှင့် စာအုပ်စာစောင် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင် ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက် သို့ သွားကြစို့” သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ် ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က စာဖတ်ရှုနိုးကြွမြှင့်တင်ရေးပွဲတော်အတွက် ချီးမြှင့်ငွေများ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ စာပေဆိုင်ရာဟောပြောသည့် စာရေးဆရာမ မဟူရာ (လွိုင်ကော်)နှင့် အထက်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ကျောင်းသားတစ်ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် ပြည်နယ်တရားသူကြီး ချုပ်၊ ပြည်နယ်လွတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လူငယ်စကားပိုင်းတွင် ပါဝင် ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင် ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်း လွှာနှင့် ချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက “ဓာတိမာန်” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက သီဆိုဖျော်ဖြေကြသည့် ကျောင်းသားကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ စာဖတ်ရှုနိုးကြွမြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပရာ စာပေဟောပြောပွဲနှင့် လူငယ်စကားပိုင်းများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည့်မှု မြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည့်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည့်သည့် လူအဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန် အတွက် ဖြောင့်မတ်တည်ကြည့်မှု မြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်း အဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အ-ထ-က (ပင်းပက်) တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၄၇ ဦးတို့ကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည့်မှု မြှင့်တင်ရေးပညာပေး အစီအစဉ် (ဆရာကိုင်) စာအုပ်များမှသင်ခန်းစာပါအကြောင်းအရာများကိုအခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာ မြို့များရှိ အခြေခံပညာကျောင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



များ၌ Edutainment အစီအစဉ် **သတင်းစဉ်**

စာမျက်နှာ ၁၀ မှ

မိမိတို့ ကိုယ်ပိုင်စည်းမျဉ်းများအတိုင်း မျှဝေပြသခွင့် ရရှိကာ တိုက်ရိုက်စီးပွားရေး အကျိုးအမြတ်များကို ရရှိစေပြီး မျိုးဆက်သစ်များအတွက် စစ်မှန်သော အမိပ္ပာယ်မဟုတ်ပျက်အောင် ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

ထိန်းချုပ်မှုမရှိဘဲ ခရီးသွားလုပ်ငန်းတိုးချဲ့ခြင်းသည် နုနယ်လှသော လူမှု-ဂေဟစနစ်များကို ပြင်းထန်စွာ ထိခိုက်ပျက်စီးစေနိုင်သည်။ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအောင်မြင်ရန် အတွက် မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ မဏ္ဍိုင်ကြီးသုံးခုကို မျှတအောင်ထိန်းညှိပြီး မဟာဗျူဟာမြောက် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ရေရှည်ပြန်လည် ဆန်းသစ်လာစေရန်အတွက် ခရီးသွားလုပ်ငန်းကို အရေအတွက်အခြေပြုလုပ်ငန်း (လာရောက်သူဦးရေကိုသာရေတွက်ခြင်း)အဖြစ် ရှုမြင်နေရာမှ တန်ဖိုးအခြေပြုလုပ်ငန်း (ဒေသခံလူထုနှင့် ဂေဟစနစ်ထံတွင် မည်မျှကောင်းမွန်သော သက်ရောက်မှုများ ကျန်ရှိခဲ့သည်ကိုတိုင်းတာခြင်း) အဖြစ်သို့ အခြေခံကျကျ ပြောင်းလဲဖော်ဆောင်ရန် လိုအပ်ပါသည်။

ဝန်ကြီးဌာန၏ အဓိက မူဝါဒခြောက်ရပ်တွင် ရှင်းလင်းစွာ လမ်းညွှန်ထားသည့်အတိုင်း ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးပြီး စီးပွားရေးတိုးတက်စေသည့် အရေးကြီးသော ကဏ္ဍဖြစ်ရမည်ဖြစ်သော်လည်း မတူကွဲပြားသော တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို မည်သည့် အခါမျှ ထိခိုက်ပျက်စီးစေခြင်းမရှိစေဘဲ အစိုးရ-ပုဂ္ဂလိက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီဂျစ်တယ်စနစ်များပေါင်းစပ်ခြင်းနှင့် ဂေဟစနစ်စီနှုန်းများကို တိကျစွာလိုက်နာခြင်းဖြင့် မြန်မာနိုင်ငံသည် စိန်ခေါ်မှုများကိုကျော်လွှားကာ မိမိတို့၏ထူးခြားသော ရွှေရောင်ကိုယ်ပိုင်လက္ခဏာကို နောင်လာနောက်သား မျိုးဆက်များအထိ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် ဒဂို့ဏာသိရိမြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (နတ်သုရဲ)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (ကျီးအင်း)၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ကင်ပွန်းတန်း)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဘောဂဝတီ)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (ရွာကောက်)နှင့် ဒဂို့ဏာသိရိမြို့နယ် Pioneer Education ကိုယ်ပိုင်အလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။ **(အဆက်ပို့)**

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(ဧလေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကိုလည်းကောင်း၊ တပ်မတော် (ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအတွက် မုန့်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်း များအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိ လိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာ မှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ ပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများ ပေးအပ်ချီးမြှင့် ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်း သား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီ အစဉ်များကို ကျောင်းသားလူငယ် များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရင်သန် ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိ စေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေ ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက် လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက် လာခဲ့မှု အခြေအနေများကို သိရှိ စေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော် လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်း ကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေ ရန်နှင့် အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏ သမိုင်း ကြောင်းဆိုင်ရာ အချက်အလက် များကို လေ့လာသိရှိထားခြင်း အားဖြင့် အနာဂတ်ဘဝ လျှောက် လှမ်းမှုကို အထောက်အပံ့ဖြစ် စေရန် ရည်ရွယ်၍ ဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

တာချီလိတ်မြို့နယ် ဝမ်ကောင်းရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်သူ တရားမဝင် ထိုင်းနိုင်ငံသားများ အပါအဝင် ၃၅ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုံးဝအခြေ မပြုနိုင်စေရေးအတွက် အွန်လိုင်း လိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွ စွာ ဆောင်ရွက်လျက်ရှိရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ သည်လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှု မရှိစေရေးတို့ ကို အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီ လိတ်မြို့ ဝမ်ကောင်းရပ်ကွက် အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ အိမ်အမှတ်(၀က-၉/၅၀၆) ၌ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစား မှုလုပ်ကိုင်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ ၃၂ လုံး၊ System Box နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ရှာဖွေစစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်ရာ အဆိုပါပတ်ဝန်း ကျင်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းငွေကြေးလိမ်လည်မှုများ ကျူးလွန်လုပ်ကိုင်နေသူ မြန်မာ နိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ကိုးဦးတို့ကို All in One ကွန်ပျူတာ ၁၁ လုံးနှင့်အတူ ထပ်မံဖမ်းဆီး ရမိခဲ့သည်။

စီစစ်မေးမြန်းချက်များအရ ဖမ်းဆီးရမိသူ ထိုင်းနိုင်ငံသား များသည် အွန်လိုင်းဂိမ်းတစ်ခု တွင် ကွန်ပျူတာနှင့် ပတ်သက် သည့် နည်းပညာပိုင်းဆိုင်ရာ အလုပ်များလုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြပြီး ယခုနေရာ သို့ ရောက်ရှိနေထိုင်စဉ်တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း၊ ဖမ်းဆီးခံရသူမြန်မာနိုင်ငံသားများ သည် တာချီလိတ်မြို့တွင် အလုပ် လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် ရင်းနှီးသူတစ်ဦးဖြင့် ချိတ်ဆက် မိပြီး နိုဝင်ဘာ ၂၀ ရက်မှစတင်၍ အွန်လိုင်း ငွေကြေးလိမ်လည်မှု လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် လူမှုကွန်ရက်များမှ တစ်ဆင့် အမျိုးသားပစ်မှတ်များ ကို ရှာဖွေ၍ အမျိုးသမီးများအဖြစ် ဟန်ဆောင်ပြောဆိုကြကာ ချစ်သူ အဆင့်ရောက်ရှိအောင် ကြိုးစား ကြကြောင်း၊ ထို့နောက် ပစ်မှတ် နှင့် မဖွယ်မရာစကားများ ပြောဆို ကြပြီး ပစ်မှတ်၏ မဖွယ်မရာပုံ များနှင့် ဗီဒီယိုများကိုပါ တောင်းယူ ကြကြောင်း၊ ယင်းနောက် အဆိုပါ များကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်း ကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေ ရန်နှင့် အနာဂတ် ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏ သမိုင်း ကြောင်းဆိုင်ရာ အချက်အလက် များကို လေ့လာသိရှိထားခြင်း အားဖြင့် အနာဂတ်ဘဝ လျှောက် လှမ်းမှုကို အထောက်အပံ့ဖြစ် စေရန် ရည်ရွယ်၍ ဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားများအား တွေ့ရစဉ်။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ အိမ်အမှတ် (၀က-၉/၅၀၆)၌ တွေ့ရှိရသည့် အွန်လိုင်း လိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ နေအိမ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား ကျား ရှစ်ဦး၊ မ တစ်ဦး အား ဖမ်းဆီးရမိမှု။



စစ်တွေမြို့၌ (၇)ကြိမ်မြောက် တိပိဋကလင်္ကာရစာမေးပွဲနှင့် (၁၂)ကြိမ်မြောက် သာမဏေကျော်လင်္ကာရစာမေးပွဲ ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

စစ်တွေ နိုဝင်ဘာ ၂၇

ရက္ခပူရသာသနာ့လင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် (၇)ကြိမ်မြောက် တိပိဋကလင်္ကာရစာမေးပွဲနှင့် (၁၂)ကြိမ်မြောက် သာမဏေကျော်လင်္ကာရစာမေးပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်း က စစ်တွေမြို့ သိရိမင်္ဂလာကုန်းခမ္မာစရိယတက္ကသိုလ် ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဩဝါဒစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ထို့နောက် ရက္ခပူရသာသနာ့လင်္ကာရအသင်းမှ ဘဏ္ဍာရေးမှူးက သာမဏေကျော်အသင်းပေါ်ပေါက်လာပုံနှင့် အသင်း၏ ဆောင်ရွက်ချက်များအား လျှောက်ထားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဧနီးများနှင့် တာဝန်ရှိသူများက ပင့်သံဃာတော်များ၊ စာဖြေသံဃာများ၊ သာမဏေကျော်လင်္ကာရစာမေးပွဲ ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ၊ လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဩဝါဒစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဦးစီး ပဓာနနာယက ဆရာတော်ထံမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ဩဝါဒခံယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒေသထွက်ကုန်များ ဈေးကွက်ရရှိရေးနှင့် ကော်ဖီတောင်သူများ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်

တောင်ကြီး နိုဝင်ဘာ ၂၇

MYANMAR COFFEE FESTIVAL 2026 SHAN HIGHLAND SPECIALTY COFFEE အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပြည်နယ်အစိုးရအနေဖြင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်သော ဒေသထွက်ကုန်များ ဈေးကွက်ရရှိရေးနှင့် ကော်ဖီတောင်သူများ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ပံ့ပိုးကူညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံကော်ဖီအသင်း(MCA)ဥက္ကဋ္ဌ ဦးမျိုးအေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ မြန်မာနိုင်ငံကော်ဖီအသင်း(MCA) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ် ပြိုင်ပွဲနှစ်ရပ်လုံးတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စိုက်ခင်းများနှင့် ထုတ်လုပ်ဆုရရှိသူများ၊ ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်ကော်ဖီ စိုက်ခင်းများ၊ ထုတ်လုပ်ဆု ရရှိသူများကို ဆုများပေးအပ်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ကော်ဖီပြခန်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်



မြန်မာလုပ်သားများ ဂျပန်နိုင်ငံသို့ လုံခြုံစိတ်ချစွာနှင့် တရားဝင်သွားရောက် လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

အလုပ်သမားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးအောင်သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. YOSHITAKE Shogo နှင့်



အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ အလုပ်သမားများအတွက် နားလည်မှုစာချွန်လွှာ(MoC) နှစ်ခု လက်မှတ်ရေးထိုးထားခဲ့ပါကြောင်း၊ ယခုအခါ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အစီအစဉ်ကို ထပ်မံလက်မှတ် ရေးထိုးရမည့်အပေါ် ကြုံဆိုပါကြောင်း၊ မြန်မာလုပ်သားများ ဂျပန်နိုင်ငံသို့ လုံခြုံစိတ်ချစွာနှင့် တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်များကို အတတ်နိုင်ဆုံးဖြေလျှော့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာရရှိနိုင်ရေး မိမိတို့အနေဖြင့် လိုအပ်သည့်ကဏ္ဍများ၌ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ မိသားစုလွပ်လပ်ငြေများ တရားဝင်လမ်းကြောင်းမှ လွှဲပို့နိုင်ရေးနှင့် အခြားအခက်အခဲများ ရှိပါက အတတ်နိုင်ဆုံး ပြေလည်မှု ရရှိစေရေး ဖြေရှင်းပေးစေလို ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ဂျပန်နိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်မည့်အခြေအနေ၊ တရားမဝင် အလုပ်သမားများ လျော့ပါးစေရေး ကိစ္စရပ်များ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အစီအစဉ် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်မည့် အခြေအနေနှင့် အလုပ်သမားများအတွက် အထောက်အကူပြု သင်တန်းများ ကူညီဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဧမ္မူသိရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ခြင်းနှင့် ပျက်စီးမှုကြီးများသည့် ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

ဧမ္မူသိရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာအသစ်များ တည်ဆောက်ခြင်းနှင့် ပျက်စီးမှုကြီးမားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်



ဦးဝင်းမိုးခိုင်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (MLCA) နှင့် တည်ဆောက်ရေး ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယမြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ထားသော အချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးစေရေး လူအင်အား၊ စက်ယန္တရားများ ထပ်တိုးပြီး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေး ဆောင်ရွက်နေကြသည့် ကုမ္ပဏီများအနေဖြင့်လည်း သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်စေရေးကြပ်မတ်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယမြို့တော်ဝန်က တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းကဏ္ဍအလိုက် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာကာသအတွင်း ဒေတာစင်တာများတည်ဆောက်ရန် SpaceX ကို အမေရိကန် ခွင့်ပြု

နယူးယောက် နိုဝင်ဘာ ၂၇

အမေရိကန်ပြည်ထောင်စု ဆက်သွယ်ရေးကော်မရှင် (FCC) သည် အီလွန်မတ်စ်၏ အာကာသကုမ္ပဏီ SpaceX ကို အာကာသအတွင်း ဒေတာစင်တာကွန်ရက် တည်ဆောက်ခွင့်ပြုလိုက်ကြောင်း ကြေညာသည်။

ယင်းခွင့်ပြုချက်သည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်အား ကြိုတင်ရေးသားထားသော စာတမ်းအပေါ် အခြေခံ၍ ဖြစ်ပေါ်လာခဲ့သည်။ ထိုစာတမ်းတွင် ကမ္ဘာမြေပြင်အနီးရှိ ဂြိုဟ်တုအလုံးရေ တစ်သန်းအထိ လွတ်တင်အသုံးပြုခွင့်ပေးထားကြောင်း FCC က နိုဝင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်သည်။

FCC ဥက္ကဋ္ဌ ဘရန်ဒန်ကာက ယခုဆုံးဖြတ်ချက်သည် အမေရိကန်၏ နည်းပညာနှင့် စီးပွားရေးဦးဆောင်မှုကို အထောက်အကူပြုမည့် ကွန်ပျူတာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် နယ်ပယ်သစ်တစ်ခု ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိတွင် အမေရိကန်တစ်နိုင်း ဒေတာစင်တာများ အလျင် အမြန်တိုးချဲ့တည်ဆောက်လာကြသဖြင့် ၎င်းတို့ကို လည်ပတ်နိုင်ရန် လျှပ်စစ်ဓာတ်အား အခြောက်အခြားလိုအပ်လာသည်။ SpaceX က အာကာသအတွင်းရှိ ဂြိုဟ်တုများသည် နေရောင်ခြည်စွမ်းအင်ကို



တိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်နှင့် စွမ်းအင် အသုံးပြုမှုကို သိသိသာသာလျှော့ချနိုင်မည်ဟု ဆိုသည်။

FCC ၏ ကြေညာချက်ထွက်ပေါ်လာပြီးနောက် SpaceX တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်က လူမှုကွန်ရက်မှတစ်ဆင့် ကျေးဇူးတင်ကြောင်းနှင့် ယင်းစီမံကိန်းသည် အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းအတွက် အကျိုးရှိသည့် အရင်းအမြစ်တစ်ခုဖြစ်လာမည်ဟု ရေးသားခဲ့သည်။

အင်နဲအိတ်ချ်ကေ

ကမ္ဘာ့အပူချိန်မှာ စက်မှုခေတ်မတိုင်မီကထက် ၂ ဒီဂရီကျော် မြင့်တက်မှု ခုနှစ်ရက် ဆက်တိုက်ရှိလာ

ဘာလင် နိုဝင်ဘာ ၂၇

ယခုလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုခေတ်မတိုင်မီကာလ အဆင့်များထက် ၂ ဒီဂရီဆဲလ်စီးယပ်စ် ကျော်လွန်နေသည်မှာ ခုနှစ်ရက်ဆက်တိုက်ရှိနေခဲ့ပြီး ယင်းမှာ မှတ်တမ်းတင်ထားသမျှ ပထမဆုံးအကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကိုပါးနီးကပ်စ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ ထုတ်ပြန်ချက်ကို ကိုးကား၍ ဂျာမန်သတင်းအေဂျင်စီ ဒီပီအေက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အတွင်း အပူချိန်များမှာ ၁၈၅၀ ပြည့် နှစ်နှင့် ၁၉၀၀ ပြည့်နှစ်အတွင်း အလားတူရက်များ၏ ပျမ်းမျှအပူချိန် ထက် ၂ ဒီဂရီဆဲလ်စီးယပ်စ်ကျော် မြင့်တက်နေကြောင်း ကိုပါးနီးကပ်စ် က အတည်ပြုခဲ့သည်။ ယခုနှစ် နိုဝင်ဘာလမတိုင်မီက ၂ ဒီဂရီအမှတ် ကျော်လွန်သည့်ရက် ခြောက်ရက်သာရှိခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တွင် နှစ်ရက်နှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် လေးရက်ဖြစ်ကြောင်း သိရသည်။ လက်ရှိဖြစ်ပွားနေသည့် အယ်လ်နီညိုဖြစ်စဉ်သည် ဒီဇင်ဘာလတွင် စံချိန်တင်အပြင်းထန်ဆုံးအဆင့်သို့ ရောက်ရှိနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ခန့်မှန်းထားသည်။ ဆင်ဟွာ

ဆီးရီးယားနိုင်ငံ၌ နေရပ်ပြန်နှင့် နေရပ်စွန့်ဆွာသူများအတွက် အလုပ်အကိုင်စီစဉ်ပေး

ဒမတ်စကတ် နိုဝင်ဘာ ၂၇

ဆီးရီးယားနိုင်ငံနှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း (ILO) တို့သည် နေရပ်ပြန်များနှင့် နေရပ်စွန့်ခွာပြည်သူများအတွက် အလုပ်အကိုင် ရှာဖွေခြင်းနှင့် ပုံမှန်ဝင်ငွေရရှိရာတွင် အထောက်အကူဖြစ်စေရန် အမျိုးသားအလုပ်အကိုင်အစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက်က စတင် ဆောင်ရွက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီ ဆာနာ တွင် ဖော်ပြထားသည်။

ဒေသတွင်းအလုပ်သမားဖိုရမ်တစ်ခုတွင် Masarat ဟု အမည်ပေးထားသည့် အဆိုပါအစီအစဉ်ကို စတင်အကောင်အထည်ဖော်ရန် ဆီးရီးယားနိုင်ငံ လူမှုရေးရာနှင့်အလုပ်သမားရေးဝန်ကြီး ဟင်ဒ်ကာဘာဝပ်နှင့် အာရပ်နိုင်ငံများဆိုင်ရာ ILO ၏ ဒေသဆိုင်ရာညွှန်ကြားရေးမှူး ရွာဘာဂျာရာဒတ်တို့က သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြ သည်၊ အဆိုပါအစီအစဉ်သည် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်း သူများအတွက် အဓိကထားလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

မေလတွင် ထုတ်ပြန်ခဲ့သည့် ILO နှင့် ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့၏ အကဲဖြတ်မှုအရ နေရပ်ပြန် ဆီးရီးယားနိုင်ငံသား ၈၀ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်ကြသည်။ အဆိုပါလေ့လာမှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အတွင်း အလက်ပို၊ ဒါရာ၊ ဒမတ်စကတ်၊ ဟုမ်စ်အစရှိသည့် ဒေသများမှ ဖြေကြားချက်ပေါင်း ၅၃၃၅ ခုကို လေ့လာ စုဆောင်းထားခြင်းဖြစ်သည်။ ဆင်ဟွာ

သြစတြေးလျပြည်နယ်အများစု နွေရာသီတောမီးအန္တရာယ်ဖြစ်ပွားနိုင်ခြေမြင့်မားနေ

မဲလ်ဘုန်း နိုဝင်ဘာ ၂၇

လာမည့်နွေရာသီတွင် သြစတြေးလျပြည်နယ်အများစုသို့ တောမီး အန္တရာယ်ဖြစ်ပွားနိုင်ခြေ မြင့်မားလျက်ရှိကြောင်း အစိုးရက နိုဝင်ဘာ ၂၇ ရက်တွင် သတိပေးထားသည်။

သြစတြေးလျနှင့် နယူးဇီလန် မီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှု ကောင်စီက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်သည့် ယခုနှစ်နွေရာသီ တောမီးဆိုင်ရာ အန္တရာယ်သုံးသပ်ချက်အရ သြစတြေးလျနိုင်ငံ၏ ပြည်နယ်နှင့် နယ်မြေရှစ်ခုအနက် ခြောက်ခုတွင် တောမီးလောင်နိုင်ခြေ ပိုမိုမြင့်မားလာမည်ဟု သိရသည်။ တောမီးလောင်နိုင်ခြေမြင့်တက်လာ ရခြင်းမှာ မြေဆီလွှာတွင် အစိုဓာတ်နည်းပါးမှုဆက်လက်ဖြစ်ပေါ်နေခြင်း၊ မီးလောင်လွယ်သည့် သစ်ရွက်ခြောက်နှင့် သစ်ပင်အမှိုက်များ စုပုံများ ပြားနေခြင်း၊ နိုင်ငံမြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသတို့တွင် နွေရာသီကာလပျမ်းမျှမိုးရေချိန်ထက် နည်းပါးစွာရွာသွန်းမည်ဟု ခန့်မှန်းထားခြင်းတို့ကြောင့် ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ပါဝင်သည်။

ဗစ်တိုးရီးယားပြည်နယ် အရှေ့တောင်ပိုင်း၊ အနောက်သြစတြေးလျ တောင်သြစတြေးလျ၊ နယူးဆောက်ဝေးပြည်နယ် ဒေသငယ်များ၊ တက်စ်မေးနီးယားပြည်နယ်နှင့် မြောက်ပိုင်းနယ်မြေများတွင် တောမီး လောင်နိုင်ခြေ အန္တရာယ်မြင့်မားသည်ဟု သုံးသပ်ချက်တွင် ဖော်ပြထား သည်။ ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်၌ ရေပေးဝေရေးနှင့် မိလ္လာဝန်ဆောင်မှုတိုးချဲ့ရန် ADB က ဒေါ်လာသန်း ၁၅၀ ထုတ်ချေး

ဒါကာ နိုဝင်ဘာ ၂၇

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာသော မြို့ ရှစ်မြို့တွင် သန့်ရှင်းပြီး ယုံကြည်စိတ်ချရသည့် ရေပေးဝေရေးနှင့် မိလ္လာ စနစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၁၅၀ တန်ဖိုးရှိ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေတစ်ရပ်ကို အတည်ပြုလိုက်သည်။

အဆိုပါစီမံကိန်းမှတစ်ဆင့် မြို့ရှစ်မြို့ရှိ လူဦးရေ ၉ သိန်းခန့်အတွက် ရေပေးဝေရေးနှင့် မိလ္လာဝန်ဆောင်မှုများ ရရှိလာမည်ဖြစ်ကြောင်း ADB က နိုဝင်ဘာ ၂၆ ရက်က ထုတ်ပြန် သည်။

စီမံကိန်းအရ ရေပေးဝေရေးပိုက်လိုင်း ၁၇၉၀ ကီလိုမီတာခန့် တည်ဆောက်မည်ဖြစ်ပြီး အိမ်ထောင်စု ၆၅၀၀၀ အတွက် ရေသွယ်တန်းမှု များ တပ်ဆင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ကာ စမတ်ရေမီတာများ တပ်ဆင် ပေးမည်ဖြစ်သည်။ ထို့ပြင် ဝင်ငွေနည်းပါးသော ရပ်ရွာများတွင် အိမ်သာများတည်ဆောက်ပေး မည်ဖြစ်သကဲ့သို့ အမျိုးသမီးများ၊ မိန်းကလေး များနှင့် အထူးလိုအပ်ချက်ရှိသူများ အသုံးပြု နိုင်သည့် အများသုံးသန့်ရှင်းရေး အဆောက် အအုံများကိုလည်း တည်ဆောက်သွားမည် ဖြစ်သည်။ ယင်းအဆောက်အအုံများကို ဒေသခံအမျိုးသမီးများက စီမံခန့်ခွဲမည်ဖြစ်ပြီး စီမံကိန်းကို ၂၀၃၂ ခုနှစ် ဒီဇင်ဘာလတွင် အပြီး သတ်ရန် ရည်မှန်းထားသည်။

ထို့ပြင် ADB သည် မူဝါဒနှင့် အဖွဲ့အစည်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရေပေးဝေရေး လုပ်ငန်းများ၏ စီမံခန့်ခွဲမှုနှင့် ရေရှည်လည်ပတ် ထိန်းသိမ်းရေးတို့အတွက် အမေရိကန်ဒေါ်လာ ၁ သန်းတန်ဖိုးရှိ နည်းပညာအကူအညီကို သီးခြားပုံပြီးပေးမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ် အစိုးရကလည်း စီမံကိန်းအတွက် အမေရိကန် ဒေါ်လာ ၄၆ သန်း ထည့်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လာအိုနိုင်ငံ ကြိုးပမ်း



ဒီယင်ကျန်း နိုဝင်ဘာ ၂၇

လာအိုနိုင်ငံ၏ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်မှုအရည် အသွေးမြှင့်တင်ရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား လာရေးအတွက် မဟာဗျူဟာများကိုဆွေးနွေးရန် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များက နိုဝင်ဘာ ၂၆ ရက်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် လာအိုစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီး လင်ခမ်းဒေါင်ဆာဗန်က ကော်ဖီကဏ္ဍတွင် ပြည်တွင်းနှင့် ပြည်ပ ကုမ္ပဏီ ၉၀ ကျော်က ရင်းနှီးမြှုပ်နှံခဲ့ရာ ၂၀၂၅ ခုနှစ်အတွင်း ကော်ဖီတင်ပို့ မှုမှာ အမေရိကန်ဒေါ်လာ ၂၂၆ သန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း ပြောကြား သည်ဟု ဗီယင်ကျန်းမိုင်း သတင်းစာက နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန် ထားသည်။

ကော်ဖီထွက်ရှိမှုပမာဏနှင့် အရည်အသွေးမြှင့်တင်ရန်၊ အထူး ဈေးကွက်ဝင်ရောက်ခွင့် လက်လှမ်းမီမှုကျယ်ပြန့်လာစေရန်၊ ရေရှည် တည်တံ့သည့် စီမံခန့်ခွဲမှုအတွက် မြေယာခွဲဝေချထားမှုနှင့် မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်းတို့ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်နှင့် ကဏ္ဍဆိုင်ရာစီမံအုပ်ချုပ်မှုနှင့် အစုရှယ်ယာပါဝင်သူများ၏ ပူးပေါင်း ပါဝင်မှုကို အားကောင်းစေရန် ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အစည်းအဝေးတွင် ပြန်လည်ဆန်းစစ်ခဲ့ကြောင်း သိရ သည်။ ဆင်ဟွာ

ဂျပန်နိုင်ငံ၌ ဒုတိယမြို့တော်များသတ်မှတ်ရန် အစီအစဉ်ထုတ်ပြန်

တိုကျို နိုဝင်ဘာ ၂၇

ဂျပန်အစိုးရသည် တိုကျိုမြို့၌ သဘာဝဘေး အန္တရာယ်ကြီးများဖြစ်ပွားပါက နိုင်ငံတော် အစိုးရ၏လုပ်ငန်းတာဝန်များကို အစားထိုး ဆောင်ရွက်နိုင်မည့် ဒုတိယမြို့တော်များ သတ်မှတ်ရန် အစီအစဉ်တစ်ရပ်ကို နိုဝင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်လိုက်သည်။

အစီအစဉ်အရ ဒုတိယမြို့တော်အဖြစ် သတ်မှတ်ခံလိုသည့် စီရင်စုများသည် လာမည့် ၂၀၂၇ ခုနှစ် ဇွန်လမှစတင်၍ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များ၏ အတည်ပြုချက် ဖြင့် လျှောက်ထားနိုင်မည်ဖြစ်သည်။

အစိုးရက လျှောက်ထားသည့် ပြည်နယ် များအနက် သတ်မှတ်ချက်အားလုံးနှင့် ကိုက်ညီသည့် စီရင်စုများကို ၂၀၂၇ ခုနှစ် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလတွင် ဒုတိယမြို့တော်များအဖြစ် သတ်မှတ်ပေးရန် စီစဉ်ထားပြီး ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် စတင်လုပ်ငန်းဆောင်ရွက်စေမည်ဖြစ်သည်။

အစိုးရက လျှောက်ထားပြီး သတ်မှတ်ချက် အားလုံးနှင့် ကိုက်ညီသည့် စီရင်စုအားလုံးကို ဒုတိယမြို့တော်အဖြစ် အသိအမှတ်ပြုပေးမည် ဟုလည်း ဖော်ပြထားသည်။ အင်နဲအိတ်ချ်ကေ

အီကွေဒေါ်၌ ကျောက်ချသင်္ဘောပေါ် အမိုးနီးယားယိုစိမ့်မှုကြောင့် လေဦးသေဆုံး

ကွစ်တို နိုဝင်ဘာ ၂၇

အီကွေဒေါ်နိုင်ငံ အနောက်ပိုင်း ကမ်းရိုးတန်းပြည်နယ် မာနာဘီရှိ မန်တာဆိပ်ကမ်းတွင် ကျောက်ချ ရပ်နားထားသည့် စက်မှုလုပ်ငန်း သုံး သင်္ဘောတစ်စင်းပေါ်၌ အမိုး နီးယားယိုစိမ့်မှုဟု သံသယ ဖြစ်ဖွယ်ဖြစ်ရပ်ကြောင့် လေးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ သည်ဟုဒေသခံမီးသတ်သမားများ က ပြောသည်။

ငါးများကို အအေးပေး သိုလှောင်၍ လတ်ဆတ်မှုရှိစေရန် အသုံးပြုသည့် အအေးခန်းများ သို့မဟုတ် သိုလှောင်ကန်များ အတွင်း အဆိုပါဖြစ်စဉ် ဖြစ်ပွား ခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဌာနက ပြောသည်။ ဆင်ဟွာ

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDFအဖွဲ့မှ အဖွဲ့ဝင် ၂၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ PDF အဖွဲ့မှ အမျိုးသား ၂၆ ဦးနှင့်အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၈ ဦး တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း သို့ထပ်မံဝင်ရောက်လာခဲ့ကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့် အတူ ပြန်လည်ဝင်ရောက် လာခဲ့ကြသည့် PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက် ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ တောင်ငူမြို့မှ အမျိုးသား တစ်ဦး၊ ဖြူးမြို့မှ အမျိုးသား တစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား လေးဦး၊ ပေါင်းတည်မြို့မှ အမျိုးသား တစ်ဦး၊ ထန်းတပင်မြို့မှ အမျိုးသား သုံးဦး စုစုပေါင်း ၂၈ ဦးတို့သည် ၎င်းတို့နှင့် အတူပါရှိလာသည့် AK-47 သေနတ် တစ်လက်၊ M4 သေနတ် တစ်လက်၊ အမ်အေ-၂ သေနတ် တစ်လက်၊ အမ်အေ-၁၁ သေနတ် တစ်လက်၊ လက်လုပ် သေနတ် နှစ်လက်၊ လက်ပစ်ဗုံး ငါးလုံး၊ ကျည်အိမ် ၁၃ ခု၊ ကျည်မျိုးစုံအတောင့် ၂၃၀၊ ရှေ့ထွက်မိုင်း တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် လေးလက် အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် နှစ်လက် အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံး ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ ရှေ့ထွက်မိုင်း တစ်လုံးအတွက် ဆုကြေးငွေကျပ်သုံးသိန်း၊ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာသူ ၂၈ ဦး အတွက် ဆုကြေးငွေကျပ် ၂၈ သိန်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများအား ရင်းရင်နှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ ပင် အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အခေနအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွား မည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွား မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အလင်းဝင်(၁)

အမေနဲ့စိတ်ဆိုးပြီးတော့ လိုက်သွားဖြစ်တာ၊ အိမ်လည်း မပြန်ရဲတော့တာနဲ့ အဲဒီထဲပဲ ဝင်လိုက်တော့မယ်ဆိုပြီး ဝင်လိုက်တာ၊ နံနက်မိုးလင်းလာရင် ဖက်ထိပ်လုပ်ရတယ်၊ သန့်ရှင်းရေးလုပ်ရတယ်။ ထမင်းချက်ရတယ်၊ မိန်းကလေးကမရှိဘူးလေးယောက်ထဲ၊ နှစ်ယောက်က အချုပ်ကျနေ



တာထွက်ပြေးလို့ ပြန်မိသွားတာ၊ သူတို့တွေက အပြစ်မရှိဘဲ အပြစ်ရှာပြီးတော့ ရိုက်တယ်၊ ပြောတယ် ဆိုတယ်၊ ဆူတယ်၊ ဘယ်လိုမှမခံနိုင်တာနဲ့ ဒီထဲကို ဝင်လာတာ၊ သူငယ်ချင်း နှစ်ယောက်တိုင်ပင်ပြီး တော့။ မင်းတို့ ထွက်ပြေးလို့ အလင်းဝင်ရင် မင်းတို့မိဘတွေကို သတ်ပစ်မယ်တဲ့၊ အဲဒီလို ခြိမ်းခြောက်တော့ ကြောက်တာပေါ့။ မိဘတွေနဲ့ ဝေးနေရတဲ့အချိန် ငိုရတယ်၊ ကြိတ်ပြီးတော့ အပြင်ထုတ်ပြီးတော့ လည်း ငိုခွင့်မရှိဘူးလေ။ အခုလို ပြန်လာရတာတော့ အလွန်ပျော်တယ်။ သူငယ်ချင်းတွေလည်း အများကြီးကျန်ခဲ့တယ်။ အဖွဲ့ထဲမှာ သူငယ်ချင်းတွေကို ကျွန်မတို့လို ပဲ အေးအေးချမ်းချမ်း နေစေချင်တယ်။ အဲဒါကြောင့်မို့ ဒီထဲကို လာခဲ့ပါလို့ပြောချင်ပါတယ်။

အလင်းဝင်(၂)

အချင်းချင်း နေရာတွေကို ယူချင်တဲ့စိတ်တွေက များနေတော့ ဒါတွေက ပဋိပက္ခတွေ သူတို့အချင်းချင်း ဖြစ်နေတဲ့ အတွက်ကြောင့် စည်းရုံးလည်း မအောင်နိုင်ဘူး။ အဲဒါကြောင့် ကျွန်တော်လည်း မနေတာဘဲ ကောင်းတယ်ဆိုပြီးတော့ ဒီဘက်ကို အလင်းဝင်လာတာပါ။ ပထမက ကျွန်တော်လည်း လိုင်းပေါ်တွေမှာ ကြည့်တာပေါ့။ သတင်းအမှားတွေ လွှင့်တာ။ အလင်းဝင်ရင် မင်းတို့ကောင်တွေကို သတ်မှာ။ လက်သည်းခွာမှာတွေ ခြိမ်းခြောက်တာပေါ့။ နောက်ပိုင်း သတင်းက လှမ်းကြားတာ မင်းတို့



သေသွားပြီတဲ့ အဲဒီလို သတင်းလွှင့်တယ်။ ကျန်နေတဲ့ သူငယ်ချင်းတွေအားလုံးကို အလင်းဝင်စေချင်တယ်။ ကိုယ့်မိသားစုနဲ့လည်း နွေးနွေးထွေးထွေး ပြန်နေရမယ်။ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင်စားသောက်ရမယ်။ နွေးထွေးစွာနဲ့ အကုန်လုံးကြိုဆိုတဲ့ အတွက် ကြောင့်လည်း အများကြီးကျေးဇူးတင်တယ်။ လက်နက်ချအလင်းဝင်ပြီးတော့ အကုန်လုံးပေါင်းစည်းလိုက်ကြမယ် ဆိုရင် ပိုပြီးတော့ ကောင်းမယ်လို့ ထင်တယ်။ အဲဒါမှလည်း အကုန်လုံး ငြိမ်းချမ်းကြမယ်လို့ ထင်တယ်။ **သတင်းစဉ်**

ဘားအံမြို့နယ် ဇာသပြင်အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေး ပွဲတော်ကျင်းပ

ဘားအံ နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့နယ် ဇာသပြင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ဇာသပြင်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများမှ အခြေခံပညာကျောင်းပေါင်း ၁၇ ကျောင်း၊ ကျောင်းသား ကျောင်းသူ ၁၃၀၀ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။



ဦးစွာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဗိုလ်မှူးကြီး စိုးမိုးဝင်းနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများသည် လူငယ်စာဖတ်ပိုင်း၊ ဥာဏ်စွမ်းရည်၊ အနုပညာစွမ်းရည် ပြိုင်ပွဲများ ကျင်းပနေမှု၊ စာအုပ်ဈေးရောင်း ပွဲတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ စာအုပ်စာပေ ဝယ်ယူ လေ့လာ ဖတ်ရှုနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေး၍ စာကြည့်တိုက်ဖွဲ့ဖြိုးရေးအတွက် ဒွေကျပ် ၁၀ သိန်းကို ကျောင်းစာကြည့်တိုက်တာဝန်ခံထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး ပွဲတော် အခမ်းအနားကို အဆိုပါအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးက စာဖတ်ခြင်းသည် ရေရှည်ပြုစုပျိုးထောင်ပေးရမည့် လုပ်ငန်းဖြစ်သည့်အတွက် ဆရာ ဆရာမများ အနေဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေမည့် စာပေဖတ်ရှုလေ့လာမှု ရှင်သန်နိုင်မာလာစေရန် လေ့ကျင့်သင်ကြားပေးကြစေလိုပြီး စာဖတ်သည့် အလေ့အထ ရရှိစေမည့် ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်အောင် ဒေသတွင်း တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာနများက ပူးပေါင်းဆောင်ရွက် ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများနှင့် ဟောပြောပေးကြသည့်စာရေးဆရာ ဆရာမများ၊ အမှတ်ပေးအကဲဖြတ် ဒိုင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်စဉ်။ ဘုန်းမြတ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ကျိုက်မရောမြို့နယ်၌ အယ်လ်နီညိုကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအသိပညာပေး

ကျိုက်မရော နိုဝင်ဘာ ၂၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက သၿဃိန်းချောင်ကျေးရွာ အလက(ခွဲ) စာသင်ကျောင်း၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးက



အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့် အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် တုံ့ပြန်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး ရေကို အလေအလွင့်မရှိ စနစ်တကျ အသုံးပြုရန်နှင့် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းထားရှိခြင်းနှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သုတ



အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအသိပညာပေး ဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၇

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety) ဟူသည့် ရည်မှန်းချက်အတိုင်း လမ်းအသုံးပြုသူတိုင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာစေရန်ရည်ရွယ်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာအသိပညာများကို ယနေ့ နံနက်ပိုင်းက အင်းစိန်မြို့နယ် အထက (၁) ကျောင်း ဧရာဝတီဆောင်တွင် အသိပညာပေးဟောပြောရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ဦးသိန်းအေးထွန်းနှင့် ဦးအောင်ခိုင်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း၊ Road Sign များအကြောင်းကို အသိပညာပေးရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက်ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

ကော့ကရိတ်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းသင်တန်းနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ကော့ကရိတ် နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း သင်တန်းနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက ဒေသဖွံ့ဖြိုးတိုးတက်



ရေးတွင် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် လည်းတစ်ခုအပါအဝင် ဖြစ်ကြောင်း၊ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းသည် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုကြောင်း ဟောပြောဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်လွင်တို့က တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှု နမူနာပုံစံများကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားကို မြို့နယ်အတွင်း သတ်မှတ်ရွေးချယ်ထားသည့် ရပ်ကွက်(၁၁) ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၉) အုပ်စုမှ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

M League 2026 (U20) ပြိုင်ပွဲ ဟံသာဝတီယူနိုက်တက်နှင့် GALAXY အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၂၇

M League 2026 (U20) အမှတ်ပေးဘောလုံးပြိုင်ပွဲအပတ်စဉ်(၂၆) တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဃုံပြိုင်ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်နှင့် GALAXY အသင်းတို့ အနိုင်ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ဟံသာဝတီယူနိုက်တက်က စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းသည် ပွဲအစ ၂ မိနစ်တွင် လွှင်းဝင်းထွန်းနှင့် ၁၂ မိနစ်တွင် ပိုင်သက်ဦးတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဟံသာဝတီယူနိုက်တက် အသင်းက ပွဲချိန် ၆၃ မိနစ်၊ မိနစ် ၇၀ (ပင်နယ်တီ)နှင့် ၉၀+၃ မိနစ်တွင် အောင်ဇော်ဦး၊ ၇၁ မိနစ်တွင် သူရည်ညီနှင့် ၈၉ မိနစ်တွင် ထွဋ်အောင်ဝင်းတို့က ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်က ငါးဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။



YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် GALAXY အသင်းက ချင်းလန်းအသင်းကို လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ GALAXY အသင်းအတွက် အနိုင်ဂိုးများကို ၅၇ မိနစ်နှင့် ၉၀+၂ မိနစ်တွင် ပိုင်ဇေထွန်း၊ ၆၃ မိနစ်နှင့် ၇၈ မိနစ်တွင် ခွန်ဝေဖြိုးတို့က သွင်းယူပေးခဲ့သည်။

အပတ်စဉ်(၂၆) ရာသီပတ်ချန်ယီယံလှုပ်ရှားစဉ်အဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ML



M League II ပြိုင်ပွဲ Elite Kings နှင့် Asia Lion အသင်း ဂိုးမရှိသရေကျ

ရန်ကုန် နိုဝင်ဘာ ၂၇

M League II 2026-2027 ပြိုင်ပွဲ အပတ်စဉ်(၇) တတိယနေ့ပွဲစဉ်ကို ယနေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ Elite Kings နှင့် Asia Lion အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အမှတ်ပေးဇယား အဆင့်(၇)နေရာမှ Elite Kings အသင်းနှင့် အဆင့်(၉)နေရာမှ Asia Lion အသင်းတို့တွေ့ဆုံမှုဖြစ်ပြီး နိုင်ပွဲရရှိရေး အပြန်အလှန်ထိုးဖောက်မှုများဖြင့် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဂိုးရရှိနိုင်မည့် အခွင့်အရေးများကို အသုံးမချနိုင်ဘဲ သရေရလဒ်ဖြင့် ရမှတ်ခွဲယူခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို Asia Lion အသင်းမှ တိုက်စစ်မှူး လိုဘာ အန်တိုနီက ရရှိခဲ့သည်။

အပတ်စဉ်(၇)နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၂၉ ရက်တွင် နေပြည်တော် ပေါင်းလောင်းကွင်း၌ VUE နေပြည်တော်အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ နေမျိုး၊ ဓာတ်ပုံ-MLII

နောင်ချိုမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ (အလွတ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နောင်ချို နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ(အလွတ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အားကစားနှင့် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခေတ္တ အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူ သည့် ဒွိတာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အား ထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီး ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၈) မှ သင်တန်းသားများကို ကြံ့ခိုင်ရေး ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြဖြိုဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသံရပါသည်-

အင်တာဗျူး (၁)



ကျွန်တော် ဝင်ရောက်လာတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်နဲ့ လူမျိုးအတွက် ကာကွယ်စောင့်ရှောက်ချင်တဲ့အတွက် ကိုယ့်ဆန္ဒနဲ့ ကိုယ် ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ ဆုကတော့ ချေမှုန်းရေးအကောင်းဆုံးဆုဖြစ်ပါတယ်။ ကျွန်တော်တို့ သင်တန်းသားတွေ စည်းလုံးမှုရမှာပေါ့၊ ကိုယ်စီအားလုံးဆိုတာ အစုလိုက် အဖွဲ့လိုက်စုဖွဲ့ပြီးမှ ညီညီညွတ်ညွတ်နဲ့ လုပ်ရတဲ့ လုပ်ဆောင်ချက် ဖြစ်တဲ့အတွက် အကုန်လုံး စည်းလုံးပြီးမှ ဒီဆုကို ကျွန်တော်ရရှိခဲ့ပါတယ်။ အရပ်သား ဘဝနဲ့ စစ်သားဘဝနဲ့ ကွာခြားချက်ကတော့ စောစောထရတာတွေ၊ အိပ်ရာခင်းတွေ စည်းစနစ်တကျ ခေါက်ရတာတွေ၊ လေ့ကျင့်ခန်းတွေ စည်းစနစ်တကျ လုပ်ရတာတွေ၊ မနက်စောစောစီးစီး PT ပြေးရတာတွေ၊ ဆရာတွေ ခိုင်းတာတွေ တစ်သဝေမတိမ်း လိုက်နာရပါတယ်။ သင်တန်းဆင်းသွားပြီဆိုတော့ နိုင်ငံတော်အတွက် ကိုယ့်ဘက်ကနေ တတ်စွမ်းသလောက် ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ နိုင်ငံသားတိုင်း တာဝန်ရှိတဲ့ အတွက် မကြောက်မရွံ့ မယုက်မကွက်ဘဲ လာရောက်ထမ်းဆောင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

အင်တာဗျူး (၂)



ကျွန်တော့် တပ်စိတ်အနေနဲ့ ဒီသင်တန်းမှာ ချေမှုန်းရေး အကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ အဖွဲ့အစည်းစိတ်ဓာတ်နဲ့ အခြားစိတ်တွေ အကောင်းဆုံးကျော်ဖြတ်ပြီးတော့ ကြိုးစားခဲ့ရပါတယ်။ အပြင်နဲ့ မတူတဲ့အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ အိမ်မှာ နေတုန်းကဆိုရင်တော့ ထမင်းဆိုလည်း ကြိုက်တဲ့အချိန်မှာ စားတယ်။ ဒီမှာတော့ စည်းနဲ့ ကမ်းနဲ့ အရာအားလုံးကို စည်းစနစ်တကျနဲ့သွားတဲ့အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ အမှတ်တရတော့ အများကြီးရှိပါတယ်။ သင်တန်းတတ်တဲ့ ကာလကနေ စပြီးတော့ အတူသွား အတူလာပြီး အတူစားခဲ့တာအကုန်လုံးညီအစ်ကိုလိုပဲ ပေါင်းသင်းခဲ့တဲ့ သူငယ်ချင်းတွေဖြစ်တဲ့အတွက် သူငယ်ချင်းလိုတော့ မဟုတ်တော့ပါဘူး ညီအစ်ကိုတွေ ဖြစ်သွားပြီ။ ကျွန်တော် အခုသင်တန်းကာလပြီးဆုံးသွားပြီဆိုတော့ တာဝန်ကျတဲ့ မိခင်တပ်ရင်း ရောက်ရင်တော့ သင်တန်းက သင်ကြားပေးလိုက်တဲ့ အသိပညာ အတတ်ပညာတွေကို အကောင်းဆုံးအသုံးချပြီးတော့ စစ်သားကောင်း တစ်ယောက် ပီသစွာနဲ့ နေထိုင်ပြီးတော့ တာဝန်ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေကိုလည်း လိုက်နာပြီးတော့ နိုင်ငံ့တာဝန် ကျေပွန်အောင် ထမ်းဆောင်ဖို့အတွက် နောင်လာမယ့် ညီအစ်ကိုတွေကိုလည်း မှာကြားလိုပါတယ်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ဘိုကလေးမြို့နယ်၌ ဆောင်းသီးနှံ နေကြာနှင့်ဆီပဲပုပ် စုပေါင်း မျိုးစေ့ချပွဲကျင်းပ

ဘိုကလေး နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအုပ်စုကွင်းအမှတ် (၇၇၉)၊ တောင်သူဦးဖိုးဇော်၏ လယ်မြေ၌ ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းသီးနှံ နေကြာနှင့် ဆီပဲပုပ်မျိုးစေ့ချပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်နှင့် ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌက တောင်သူများအား ဆောင်းသီးနှံ နေကြာနှင့် ဆီပဲပုပ်သီးနှံများကို စီမံကိန်းလျာထားဇော ပြည့်မီအောင် အလေးထား စိုက်ပျိုးကြရန် မှာကြားပြီး တက်ရောက်လာကြသူများ စုပေါင်း၍ နေကြာသီးနှံနှင့် ဆီပဲပုပ်မျိုးစေ့များကို ထွန်ယက် စိုက်ပျိုးကြကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

ကလောမြို့၌ (၂၁)ကြိမ်မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဒုတိယည စည်ကားသိုက်မြိုက်စွာကျင်းပ



ကလော နိုဝင်ဘာ ၂၇

ကလောမြို့နယ်၌ (၂၁)ကြိမ်မြောက် မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက်က ဒုတိယညအဖြစ် ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များက မီးပဒေသာပင်များကို ကလောမြို့တွင်း လှည့်လည်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ပြိုင်ပွဲဝင် မီးရှော်တိုင်နှင့် မီးကြာစံအဖွဲ့များက ကလောမြို့ကိုးမြို့ရှင်နတ်နန်း၌ စုရပ်ပြုလုပ်ပြီး ကလောတောင်ကြီးသွား ပြည်ထောင်စုလမ်းနှင့် နာရီစင်လမ်းမှမောမြေဦးပန်းခြံအနီး မီးရှော်တိုင်ကွင်းအတွင်းသို့ လှည့်လည်၍ မီးရှော်တိုင်ကွင်းအတွင်း ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များဖြစ်သည့် တိုင်းရင်းသား ရိုးရာအက အဖွဲ့များက ရိုးရာတေးသီချင်းဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခဲ့ပြီး ပြိုင်ပွဲဝင် မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော် ယှဉ်ပြိုင်ကြသည်။

ရိုးရာမီးရှော်တိုင်ပြိုင်ပွဲ ဒုတိယည၌ ရပ်ကွက်(၄) ကိုယ်စားပြု ကြယ်ကြွေမီး မီးရှော်တိုင်၊ ပဲရင်းတောင်ကျေးရွာ ကိုယ်စားပြု ကောင်ခမ်းမီး၊ ရပ်ကွက်(၁) ကိုယ်စားပြု ရွှေမြန်မာမီး၊ ရပ်ကွက်(၆) ကိုယ်စားပြု ရွှေဟင်္သာမီးရှော်တိုင်နှင့် မြင်းကကျေးရွာကိုယ်စားပြု လူကဲလေးမီးရှော်တို့ ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြိုင်ပွဲဝင် မီးရှော်တိုင် ၂၄ တိုင်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ တစ်ရက်လျှင် မီးရှော်တိုင် ငါးတိုင်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

ဝါးခယ်မမြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ



ဝါးခယ်မ နိုဝင်ဘာ ၂၇

ဝါးခယ်မမြို့နယ်၌ ယနေ့နံနက်ပိုင်းက ရေကျော်ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က မိမိတို့သင်ကြားလေ့လာတတ်မြောက်ထားသောမီးသတ်ပညာရပ်များကို မမေ့မလျော့အောင် ပြန်လည်သင်ကြားပေးခြင်းဖြစ်ပြီး ရပ်ကွက်ကျေးရွာအကျိုးကို ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရီရီလွင်(ပြန်/ဆက်)

ရွှေကျင်မြို့၌ ဝက်သား၊ ကြက်သားနှင့်ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး



ရွှေကျင် နိုဝင်ဘာ ၂၇

ရွှေကျင်မြို့နယ် စည်ပင်သာယာရုံး အနီးရှိမြေကွက်လပ်၌ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဝက်သား၊ ကြက်သားနှင့် ကြက်ဥများကို ရောင်းချပေး လျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မွေးမြူရေး လုပ်ငန်းရှင်များနှင့် ဆက်သွယ်ကာ အပတ်စဉ် သောကြာနေ့မှစ၍ ရောင်းချပေး လျက်ရှိပြီး ယခုရက်သတ္တပတ်၌ စားသုံးသူ ပြည်သူများသို့ ဈေးနှုန်းသက်သာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်



မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၇

မော်လမြိုင်ကျွန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းလုပ်ငန်းများကို ယနေ့နံနက်က ဂျုံးဂျုံးဂျကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူဝင်းနှင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်း ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနေမှုများကို လိုက်လံကြည့်ရှုကာ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

ကျောက်တံခါးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်



ကျောက်တံခါး နိုဝင်ဘာ ၂၇

ကျောက်တံခါးမြို့နယ်၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကျင်ဆန်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးတို့က အသုံးပြုနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ၂၀၂၆ ခုနှစ် တိရစ္ဆာန် ကောင်ရေစာရင်း ကောက်ယူမည့် Bago LSCS Application အသုံးပြုနည်း ဗီဒီယိုကလစ်ကို ပြသသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စာရင်းကောက်ယူမည့်သူများ စုစုပေါင်း အင်အား ၂၁၆ ဦး တက်ရောက်ခဲ့ကြသည်။

မျိုးမင်း(ပြန်/ဆက်)



မုဒုံမြို့၌ (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

မုဒုံ နိုဝင်ဘာ ၂၇

(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၃၃ ဦးက အမျိုးသားနေ့မြတ် မမေ့အပ် ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မုဒုံမြို့နယ်ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



လပွတ္တာမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူ

လပွတ္တာ နိုဝင်ဘာ ၂၇

လပွတ္တာမြို့နယ် ပိန္နဲတောင်ကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာအောင်ရွှေထွန်းနှင့် ဝန်ထမ်းများ ပူးပေါင်း၍ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဒိုက်ဦးမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ အယ်လ်နီညိုကာလအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေးအတွက် အသိပညာပေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်း ကဲ့သို့အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကို ရေလောင်းပါ။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပေါက်ကံကျေးရွာနေ၊ အ.ထ.က (နောင်ဘို)ကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မဖြိုးသူခိုင် ၏ဖခင်အမည်မှန်မှာ ဦးကျော်လွင်ဦး ၇/ကဝန(နိုင်)၁၃၃၂၇၄ ဖြစ်ပါကြောင်း။ ဦးကျော်လွင်ဦး ၇/ကဝန(နိုင်)၁၃၃၂၇၄

ပတ်စ်ပို့ပျောက်

ကိုအပ်စုံ ၁၃/လရန(နိုင်) ၂၈၁၄၂၀ ၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09678537193

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/40256, New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်နိုင်ဦး ၉/မထက(နိုင်)၁၇၃၇၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 11/1865 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် - RA-I/ကွက်ပြင်(၁)၊ ဦးပိုင်အမှတ်-(၄၁-ဖ/၂)၊ မြေဧရိယာ (၀ ဒသမ ၁၄) ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်တိုးလျှောက်ထားနိုင်ရေး ဒေါ်တင်တင်မေ ၉/မမန(နိုင်)၀၁၀၅၉၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ၂၀၂၇ ပညာသင်နှစ် Certificate Training Programme for Cardiovascular Perfusion သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

စဉ်	သင်တန်းအမည်	သင်တန်းကာလ
(၁)	Certificate Training Programme for Cardiovascular Perfusion	၁ နှစ်

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် အခြားဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်နေခြင်းမရှိသူ ဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) သင်တန်းပြီးဆုံးပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၄။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၅။ လျှောက်လွှာကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်သို့ (၁၅-၁၂-၂၀၂၆) ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသောလျှောက်လွှာကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/7043 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သား/သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ပါလျှံ (၂)၊ ရန်အောင်မြေရပ်ကွက်နေ ကျွန်တော် ဦးအောင်ထွန်း ၏သားသမီးများ ဖြစ်ကြသော မောင်နေထွန်းဝင်း (၁၃/ကတန(နိုင်) ၀၉၀၁၀၃)၊ မမြသီတာအေး (၁၃/ကတန(နိုင်) ၁၂၁၇၂၅)၊ မမြသီတာထွန်းနှင့် မောင်နေအောင်ကျော် (၁၃/တခလ(နိုင်) ၀၉၇၄၄၀) ကိုင်ဆောင်သူတို့သည် ဖခင်အား စိတ်နှလုံးမချမ်းမြေအောင်၊ ဖခင်၏ ဂုဏ်သိက္ခာကျဆင်းအောင်နှင့် ဖခင်ဖြစ်သူအား သား/သမီးတို့ မပြုလုပ်အပ်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ၎င်းတို့အား သားသမီးများ အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းတို့နှင့် ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးအောင်ထွန်း(၁၃/ကတန(နိုင်) ၀၁၄၆၃၉)

ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး/ အသစ်ရရှိရေးအတွက် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့် စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ အမည်	မူလ အမည်ပေါက်သူ	မြို့နယ်/ ရပ်ကွက်	ကွင်းအမှတ်/ အမည်	ဦးပိုင် အမှတ်	ဧရိယာ (ဧက)	မှတ် ချက်
၁	ဦးထွန်းမင်း	ဦးထွန်းချန်၊ ဦးထွန်းသိန်း၊ ဦးထွန်းမင်း	ပြည်/နဝင်း	၄/နဝင်းတိုးချဲ့	၄၁	၀.၁၁၀	ပြောင်း
၂	ဒေါ်စမ်းဝင်း	ဦးတင်ရီ	ပြည်/နဝင်း	၄/နဝင်းတိုးချဲ့	၆	၀.၀၅၅	ပြောင်း
၃	ဦးမောင်မောင်	ဒေါ်အေးမြင့်	ပြည်/နဝင်း	၄/နဝင်းတိုးချဲ့	၁၀	၀.၀၅၅	ပြောင်း/ တိုး
၄	ဒေါ်တင်မျိုးခိုင်	ဒေါ်ခင်ချိုအေး	ပြည်/ ပြည်သာယာ	၁၄/ကိုးသောင်းတိုးချဲ့(၁)	၂၉	၀.၁၀၄	သစ်

ကော်လိတ္တော်အရာရှိ
ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာန ၊ မန္တလေးတိုင်းဒေသကြီး ၊ တိုင်းရုံး ၊ မန္တလေးမြို့ မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ၊ ပြည်ထောင်စုငွေလုံးငွေရင်း တိုးမြှင့် ရန်ပုံငွေဖြင့် သာစည်မြို့တွင် ထွန်စက်ဂိုဒေါင် (၁) လုံး၊ မိတ္တီလာမြို့တွင် ခန်းမ(၂) လုံးနှင့် မန္တလေးမြို့တွင် အုတ်ခြံစည်းရိုး (၇၃၅'x၆') ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

Lot-1 သာစည်မြို့တွင် ထွန်စက်ဂိုဒေါင် (Tractor Shed) (၁၀၀'x၂၈'x၁၂') Steel Structure (၁)ထပ် ၊ (၁)လုံးအဖြစ်အသစ်ဆောက်လုပ်ခြင်း၊ လျှပ်စစ်လုပ်ငန်းအပါ

Lot-2 စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း ၊ မိတ္တီလာမြို့ရှိ သင်တန်းသားစုဝေးခန်းမအား (၁၂၆ 'x ၃၆'x၁၅') Steel Structure (၁)ထပ် ၊ (၁)လုံးအဖြစ် အသစ်ဆောက်လုပ်ခြင်း ၊ (Apron & Drain) (ရေ ၊ မီး ၊ မိလ္လာပါ ၊ Septic Tank) (13' – 6'' x 6' – 6''x 7') (2)Nos အပါ

Lot-3 စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း ၊ မိတ္တီလာမြို့ရှိ စက်ကိရိယာသရုပ်ပြ ခန်းမ (၂) အား (၁၀၀'x၂၅'x၁၂')Steel Structure (၁)ထပ်၊ (၁)လုံးအဖြစ် အသစ် ဆောက်လုပ်ခြင်း ၊ (Apron & Drain)(မီးအပါ)

